www.burmeseclassic.com



မင်းနိုး (ဟံသာနွယ်)

# အရေးကြီးသော တစ်စက္ကန့်ပြိုင် နှင့် ဉာဏ်ရည်သွေးစပြိုင်များ

www.burmeseclassic.com

www.burmeseclassic.com




**စာအုပ်မှတ်တမ်း**

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၁၂
**အုပ်ရေ**
၅၀၀
**မျက်နှာဖုံးဒီဇိုင်း**
TTK
**ဤစာအုပ်ကို**
ဦးသစ်လွင်(ဂန္ဓဝေါ်မြိုင်စာပေ)
အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊
၆ ရပ်ကွက်၊ သာကေတမှ ထုတ်ဝေပြီး
ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၌
ပုံနှိပ်သည်။
**တန်ဖိုး**
၇၀၀

မင်းစိုး (ဟံသာနွယ်) ၃၉၈.၂

အရေးကြီးသော တစ်စက္ကန့်ပုံပြင်နှင့် ဉာဏ်ရည်သွေးမှုပုံပြင်များ/
မင်းစိုး(ဟံသာနွယ်) ရန်ကုန်၊ ဂန္ဓဝေါ်မြိုင်စာပေ - ၂၀၁၂
စာမျက်နှာ - ၁၃၄စာ၊ ၁၇၅ × ၁၂၅ စင်တီ၊
၁။ အရေးကြီးသော တစ်စက္ကန့်ပုံပြင်နှင့် ဉာဏ်ရည်သွေးမှုပုံပြင်များ


www.burmeseclassic.com

www.burmeseclassic.com

မင်းစိုး (ဟံသာနွယ်)

ဏ်

အရေးကြီးသော တစ်စက္ကန့်ပုံပြင်

နှင့်

ညာဏ်ရည်သွေးစမ္မပုံပြင်များ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဘာသီးပင် | ၃ |
| ၂။ | အချိန်မကျဘဲခေါင်းထောင်လွဲတဲ့မြေခွေး | ၁၁ |
| ၃။ | အဖေထက် တစ်လကြီးတဲ့ သားပုံပြင် | ၂၃ |
| ၄။ | ပညာကြီးသော ဘုရင်ကလေးအကြောင်း | ၃၃ |
| ၅။ | စေတနာ ဝေဒနာဖြစ်ရတဲ့သနားစရာမြည်းကလေး | ၄၃ |
| ၆။ | ကုန်းတိုက်သမားအပါယ်လား | ၅၁ |
| ၇။ | ကိုယ့်အတတ် ကိုယ်စူး | ၅၉ |
| ၈။ | ချွေတာလွန်းသော မြေခွေး | ၇၀ |
| ၉။ | မြေခွေးမာနဲ့ အမဲခြောက်ပုံပြင် | ၈၁ |
| ၁၀။ | သားနာမည်ဆန်းကြောင့် | ၈၉ |
| ၁၁။ | အရေးကြီးသော တစ်စက္ကန့်ပုံပြင် | ၉၃ |
| ၁၂။ | မှသားသစ္စာမှန်သော လိမ်ညာခြင်းပုံပြင် | ၁၀၃ |
| ၁၃။ | ငရုတ်ကောင်းမှုန့် တစ်ရှူကြောင့် | ၁၂၃ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘာသီးပင် ပုံပြင်

ဟိုး . . . ရှေးရှေးတုန်းက လှည်းအစီးပေါင်း ငါးရာပါဝင်တဲ့ ကုန်သည်အုပ်စုကြီးတစ်စုဟာ သူတို့မြို့ကနေ တစ်ခြားမြို့များကို ကုန်ရောင်းသွားကြပါသတဲ့။

အဲဒီအခါတုန်းက ဒီနေ့ခေတ်အခါလို ခရီးလမ်းပန်းတွေဟာ သာသာယာယာ ချောချောမွေ့မွေ့ မဟုတ်သေးဘဲ အင်မတန်ကြမ်းတမ်းခက်ထန်တယ်။ တောကိုဝင် တောင်ကိုတက် မြစ်ချောင်းတွေဖြတ် ကပ်သီးကပ်သပ်တွေလဲ သွားရတယ်။ ခြင်္သေ့၊ သစ်ကျား၊ သားရဲတိရစ္ဆာန်တွေနဲ့လဲ အမြဲလို ရင်ဆိုင်ရတတ်တယ်။ တောပုန်းဓားပြတွေကလဲ လမ်းခရီးမှာ အမြဲလို ရှိနေတတ်တယ်။ ဒါကြောင့် ကုန်သည်တွေဟာ တစ်ဦးချင်း၊ နှစ်ဦးချင်း မသွားဝံ့ဘဲ အုပ်စုခွဲပြီး သွားကြရတယ်။

သယ်ယူပို့ဆောင်တဲ့ ယာဉ်တွေကလဲ ခုခေတ်လို မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်တွေလို ခေတ်မီတဲ့ယာဉ်တွေမရှိသေးပဲ ကုန်းလမ်းဆို နွားလှည်း၊ ရေလမ်းဆို လှေတွေဟာ အကောင်းဆုံး ယာဉ်တွေပဲတဲ့။

ခုနပြောတဲ့ လှည်းငါးရာ ကုန်သည်အုပ်စုကြီး အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လိုသွားကြလို့ တောအုပ်ကြီးအဝင်ဝရောက်တဲ့အခါ ကုန်သည်ခေါင်းဆောင်လှည်းမှူးကြီးက အားလုံးခေါ်ယူစုဝေးပြီး. . .

"ဒီတောအုပ်ကြီးထဲမှာ သစ်ပင်မျိုးစုံ အင်မတန်ပေါတယ်။ စားကောင်းတဲ့အပင် အသီးရော၊ မစားကောင်းတဲ့ အပင်အသီးတွေရောစုံလို့ပဲ။ နို့ပြီး အဆိပ်ပင်လဲရှိတယ်။ ဒီအပင်ရဲ့ အရွက်၊ အပွင့်၊ အသီး၊ အပင်ကထွက်တဲ့ အချိရည်အားလုံးဟာ အကုန် အဆိပ်ချည်းပဲ။

"ဒါကြောင့် သင်တို့တစ်တွေ ဒီတောအုပ်ကြီးထဲက မစားဖူးသေးတဲ့ အရွက်၊ အပွင့်၊ အသီး၊ အညွန့်မှန်သမျှ ဘာတစ်ခုကိုမှ ငါ့ကို မမေးပဲ မစားကြနဲ့"လို့ မှာထားတယ်။

နောက်လိုက်ကုန်သည်တွေကလဲ "ကောင်းပါပြီ" လို့ ပြောဆိုဝန်ခံကြပြီး လှည်းတန်းကြီးဟာ တောအုပ်ထဲ ဝင်သွားပါသတဲ့။ လှည်းမှူးကြီးကတော့ ရှေ့နောက် ထိမ်းကွပ်တဲ့အနေနဲ့ အလယ်ခေါင်လောက်က လိုက်သွားပါတယ်။

အဲဒီတောအုပ်ကြီး အဝင်ဝ အတွင်းဘက်ရှိ ရွာတစ်ရွာရဲ့ တံခါးဝမှာ ဘာသီးပင်ကြီး (ဖလရုက္ခ)ဆိုတဲ့ အပင်တစ်ပင်ရှိတယ်။ အဲဒီအပင်ရဲ့ ပင်စည်၊ အခက်၊ အလက်၊ အရွက်၊ အပွင့်၊ အသီးအားလုံးဟာ သရက်ပင်နဲ့ ခွဲမရအောင် တူတယ်။ အရွက်၊ အသီး တို့သာမဟုတ်ဘူး။ အရောင် အဆင်း၊ အနံ့၊ အရသာ၊

www.burmeseclassic.com

www.burmeseclassic.com



စိမ်းပုံ၊ မှည့်ပုံတွေဟာလဲ သရက်သီးအတိုင်း တထေရာတည်း တူတာပါတဲ့။

"ဒါပေမယ့် သွားတော့မစားလိုက်လေနဲ့၊ စားလိုက်တာနဲ့ တစ်ပြိုင်နက် ခေါက်ခနဲသေစေတတ်တဲ့ အဆိပ်လို တစ်ခဏ ခြင်း သေစေတတ်တယ်တဲ့။

လှည်းမှူးကြီးရဲ့ရှေ့က သွားနှင့်ကြတဲ့ ကုန်သည်တွေထဲ က စားစရာတွေ့ရင် အောင့်မထားနိုင်ဘဲ သူများထက်အရင် စားချင်တတ်တဲ့လူတစ်ချို့ဟာ ဘာသီးတွေလဲမြင်ရော လှည်းမှူး ကြီးမှာ ထားတဲ့စကားတွေလဲ သတိမရ၊ ဘာမှလဲ မစဉ်းစားတော့ ဘဲ ခူးစားလိုက်ကြပါသတဲ့။ လူတစ်ချို့ကတော့ လှည်းမှူးကြီးမေး ပြီးမှ စားမယ်ဆိုပြီး ဘာသီးတွေတကိုင်ကိုင်နဲ့ လှည်းမှူးကြီးကို စောင့်နေကြသတဲ့။

လှည်းမှူးကြီးရောက်လာတဲ့အခါ သူတို့လက်ထဲမှာရှိတဲ့ ဘာသီးတွေကိုပြပြီး. . .

"ဒီ သရက်သီးတွေ စားရမလား၊ စားနိုင်သလား"လို့ မေးတော့. . .

လှည်းမှူးကြီးက. . . "ဟဲ. . . ဒီအသီးတွေ မစားကြနဲ့။ ဒါ သရက်သီး မဟုတ်ဘူး။ ဘာသီးခေါ်တဲ့ အဆိပ်သီးတွေ"လို့ ပြောပြီး၊ ဘာသီးစားမိတဲ့လူတွေကို အန်ဆေးတိုက်၊ အန်ပြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ စတုမမှုကို ထပ်တိုက်ကျွေးပြီး အသက်ကယ် ကုသပေး လိုက်သတဲ့။

အခု လှည်းမှူးတို့အုပ်စုမရောက်ခင် ဒီရွာကို ရောက်ခဲ့ကြတဲ့ ကုန်သည်တွေဟာ ဘာသီးပင်အနီးအနားမှာ ညအိပ်စခန်းချနေပြီး ဘာသီးတွေကို သရက်သီးအထင်နဲ့ စားလိုက်ကြတာ အကုန်လုံး သေကုန်ပါသတဲ့။

ဒီရွာသားတွေဟာ အလွန်စိတ်ထားညံ့တယ်လို့ ဆိုရမှာပဲ ကွယ်။

တကယ်ဆို ဒီအဆိပ်ပင်ကို နဂိုကတည်းက ဖျက်ဆီးပစ်ရမှာပေါ့။ ဒါမှမဟုတ် သရက်ပင်မဟုတ် အဆိပ်ပင် ဖြစ်တယ်ဆိုတာ စာတန်းလေး ဘာလေးဆွဲထားပြီး အသိပေးရမှာပေါ့။ အခုတော့ အဆိပ်ပင်ကိုမွေးထားပြီး မသိတဲ့ခရီးသည်တွေကို အဆိပ်ခပ်သလို လုပ်နေကြတာဟာ ဘကယ်ဆိုးတာပေါ့။ သူတို့ရဲ့ စေတနာဟာ အင်မတန်ယုတ်သုံ့တဲ့အတွက် သူတို့မှာ အင်မတန် အပြစ်ကြီးပါတယ်။ မင်းတို့ ဒီစိတ်၊ ဒီစေတနာမျိုး မမွေးရဘူးနော် မှတ်ထား။ သူတို့ဟာ လူသတ်ပြီး ပစ္စည်းယူတဲ့ ဓားပြကြီးတွေနဲ့ ဘာထူးသေးတုန်း။

အဲ. . . အခု လှည်းမှူးကြီးတို့ ရောက်တဲ့ညကလဲ ရွာသားတွေ သိကြပြီး၊ ဒီကုန်သည်တွေလဲ လက်ဦးကုန်သည်တွေ

www.burmeseclassic.com

www.burmeseclassic.com



လို ဘာသီးစားကြပြီး၊ သေကုန်ဦးမှာပဲလို့ တွက်ထားပြီး မနက် အစောကြီးထ၊ လောဘတကြီးနဲ့ "ဟော့ . . . လှည်းက ငါ့လှည်း ကွနော်၊ ဘယ်သူမှ မဆိုင်ဘူး။ နွားက ငါ့နွားကွ၊ ပစ္စည်းတွေက ငါနဲ့သာ ဆိုင်တယ်"နဲ့ အော်ကြီးဟစ်ကျယ် ဆူဆူညံညံ ပြောဆိုပြီး ဘာသီးပင်ရှိရာကို သူ့ထက်ငါ ဦးအောင် အပြေး အလွှား သွားကြပါသတဲ့။

ဘာသီးပင်ရှိရာ သဲ ရောက်ရော၊ သူတို့ထင်သလို လူသေ တွေ မတွေ့ရပဲ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ ရှေ့ခရီး ဆက်ဖို့ ပြင်နေကြတဲ့လူတွေကို တွေ့ရတော့ သူတို့တစ်တွေ သိပ် အံ့သြသွားကြပါသတဲ့။

ဒီအခါ ရွာသားတစ်ယောက်က မနေနိုင်တော့ဘဲ "ကျုပ် တို့ တော်တော်အံ့သြတယ်ဗျာ။ အရင့်အရင် ဒီကိုရောက်လာ တဲ့ လူတွေဟာ ဒီအပင် သရက်ပင်မဟုတ်ဘူးဆိုတာ ဘယ်သူမှ မသိကြဘူး။ ခင်ဗျားတို့ ဘယ်လိုလုပ်သိလဲလို့ မေးတော့၊ ကုန် သည်တွေက "ကျုပ်တို့လဲ မသိဘူးဗျာ။ ကျုပ်တို့လှည်းမှူးကြီး ပဲ သိတာ"လို့ ပြန်ပြောကြသတဲ့၊

ဒါနဲ့ ရွာသားတွေက လှည်းမှူးကြီးကို မေးတဲ့အခါ လှည်း မှူးကြီးက ဘယ်လိုလုပ်သိတယ်ဆိုတာ ပြန်ဖြေဆိုက်ပြီး နောက် ပါအဖော်များနဲ့အတူ တပျော်တပါး ရှေ့ခရီးဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ထွက် ခွာသွားကြပါလေရောတဲ့ ကလေးတို့ရဲ့"

"ဦးဦး ပုံပြင်က ပြီးပြီလား"

"အေး. . . ပြီးပြီလေ"

"ဟင်. . . လှည်းမှူးကြီးက ဘယ်လို ပြန်ဖြေတယ်ဆို တာလဲ မပါ,ပါလား။ ကျွန်တော်တို့က အဲဒီလှည်းမှူးကြီး ဘယ်လို ဖြေတယ်ဆိုတာ သိချင်နေကြတာ"

"အေး. . . ဒီပုံပြင်မှာ ဒီအချက်ဟာ အဓိက အရေးကြီး ဆုံးပေါ့ကွယ်။ တမင်သက်သက် မင်းတို့အတွက် ချန်ထားတာ။

"ကဲ. . . လှည်းမှူးကြီးနေရာမှာ မင်းတို့ နေရပြီဆိုပါ တော့။ ဘယ်လို ဖြေမယ်ဆိုတာ စဉ်းစားပြီး အဖြေထုတ်ကြည့် စမ်း"

"ဟာ. . . ဦးဦးကလဲ ကျွန်တော်တို့က ဘော့တ်နီမှာ အိပ်စ်ပတ် ဖြစ်တာမှ မဟုတ်တာပဲ"

"ဘော့တ်နီမှာ အိပ်စ်ပတ်ဖြစ်တာ, မဖြစ်တာထက် အရာရာမှာ သတိထား စဉ်းစားဆင်ခြင်ဉာဏ် အသုံးချတတ်ဖို့က အရေးကြီး တာကွယ့်။ လှည်းမှူးကြီးက ဘယ်လိုဖြေတယ်ဆိုတာ ဒီစာအုပ် နဲ့ စာမျက်နှာ (      ) မှာ ကြည့်ကြ"

ဇာတကဋ္ဌကထာ - ဧကကနိပါတ်


အာသီသဝဂ် - ကိံဖကဇာတ် (နှာ-၂၈၈)

www.burmeseclassic.com

www.burmeseclassic.com

[illegible]

မြေခွေး



www.burmeseclassic.com

www.burmeseclassic.com

## အချိန်မကျဘဲ ခေါင်းထောင်လွဲတဲ့ မြေခွေး

"ဦးဦး ဒီနေ့ ပုံမပြောတော့ဘူးလား"

"သားသားတို့က နားထောင်ချင်လို့လား"

"နားထောင်ချင်တာပေါ့ ဦးဦးရဲ့"

"နားထောင်ချင်ရင် ပြောရတာပေါ့ကွယ်"

"ဒါပေမယ့် နားထောင်ရုံမလုပ်နဲ့ မှတ်လဲ မှတ်ရတယ်တဲ့"

"မှတ်ပါတယ် ဦးဦးရဲ့။ ဦးဦးက ဘာပုံပြောရမှာလဲ"

"အချိန်မကျခင် ခေါင်းထောင်မိလို့ အကျိုးပျက်တဲ့ မြေခွေးအကြောင်း ပြောပြမယ်။ ကဲ. . . နားထောင်"

ဟို. . . ရှေးတော်တော်ဝေးကွာတဲ့ အတိတ်ကာလက ဟိမဝန္တာတောကြီးထဲမှာ တောင်ခေါင်းလိုဏ်ဂူကြီးတစ်ခုထဲမှာ တောဆိတ်တွေ ရာပေါင်းများစွာ စုဝေးနေထိုင်ကြသတဲ့။

အဲဒီဆိတ်တွေနဲ့ မနီးမဝေးနေရာရှိ လိုဏ်ဂူထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးလင်မယားတို့လဲ နေထိုင်ကြသတဲ့။

"အဲဒီ မြေခွေးလင်မယားတို့ဟာ တစ်နေ့ တောလည်ကြည့်ရှုကြရာမှ ဆိတ်တွေနေတဲ့ လိုဏ်ဂူကြီးကို တွေ့သွားပါရောတဲ့"

"မြေခွေးဆို ၀ ၁ စဉ်းလဲကောက်ကျစ်တယ်။ ယုတ်မာတယ်လို့ ကျွန်တော်ကြားဖူးတယ်။ ဒီဆိတ်တွေကိုများ ဒုက္ခပေးအုံးမလား မသိဘူးနော်"

"အဲ. . . နားထောင်ကွဲ့။ ဦးဦး ဆက်ပြောမယ်"

"အဲဒီလို တွေ့သွားတော့ မြေခွေးလင်မယားတို့ဟာ နည်းပရိယာယ်တစ်ခုခုနဲ့ ငါတို့ဒီဆိတ်တွေ စားရအောင်လို့ တိုင်ပင်ကြပြီး ဆိတ်တွေ စားကျက်ကအပြန် လိုဏ်ထဲအဝင် နောက်မှကျန်ရစ်တဲ့ ဆိတ်ကိုဖြစ်ဖြစ် ဘေးအစွန်နားရောက်ပြီး အုပ်စုနဲ့ကွဲနေတဲ့ ဆိတ်ကို ပဲဖြစ်ဖြစ် တစ်နေ့တစ်ကောင်ကျ ဖမ်းဖမ်းစားနေလို ်ကြတာ ဒီမြေခွေးလင်မယားဟာ အဆီအသားတွေ တိုး ဝဖြိုးပြီး ခွန်အားဗလအင်မတန် ကြီးနေကြဆိုပဲ"

"ကျွန်တော်ထင်တဲ့အတိုင်းပဲနော် ဦးဦး။ ဆိတ်တွေခမျာ သနားစရာ၊ အင်မတန်ယုတ်မာတဲ့ မြေခွေးမျိုးတွေပဲ"

"အေး. . . ဟုတ်တယ်ကွဲ့၊ မြေခွေးသူတော်ကောင်း၊ မျောက်သူတော်ကောင်း၊ ကျီးသူတော်ကောင်းဆိုတာ မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



လို့ ဘုရားဟောရှိတယ်လို့ ဦးဦးလဲ ကြားဖူးတာပဲ။ ကဲ. . . ကဲ. . ဒါ ထားပါတော့"

"အဲဒီလို ပရိယာယ်အမျိုးမျိုးနဲ့ တစ်နေ့ ဆိတ်တစ်ကောင် ကျ စားလိုက်တာ၊ ကြာတော့ ဆိတ်တွေကုန်ပါလေရော"

အဲဒီဆိတ်တွေထဲမှာ အငဲ စ်ကောင်ဟာ လိမ္မာပါးနပ်ပြီး နည်းပရိယာယ်အမျိုးမျိုးနဲ့ ရှောင်တတ်, တိမ်းတတ်တာကြောင့် မြေခွေးလင်မယားတို့ဟာ သူတို့စားလို့မရတာကြောင့် သူတို့ တိုင်ပင်ကြတယ်။

"ရှင်မ ဒီဆိတ်မဟာ အတော်ပါးနပ်တယ်။ ငါတို့ သူ့ကို ဖမ်းလို့မရအောင် ဖြစ်နေတယ်။ ဒါပေမယ့် ငါတို့ကြံ ခံနိုင်ရိုးလား။ ငါတို့ တစ်နေ့ သူ့ကိုစားဖြစ်အောင် စားရမယ်။ အဲ. . . ရှင်မ ငါ အကြံရပြီ။ ဒီလိုလုပ်. . .။

"လက်ဦးဆုံး ရှင်မတစ်ယောက်ထဲသွားပြီး မိတ်ဆွေဖွဲ့၊ မိတ်ဆွေဖွဲ့လို့ အတော်ကလေး အကျွမ်းတဝင် ခင်မင်ရင်းနှီးသွားရင် ငါက သေချင်ယောင်ဆောင်ပြီး အိပ်နေမယ်။

"ဒီအခါ ရှင်မကသွားပြီး သူငယ်ချင်းမရေ ကျွန်မတို့ တော့ ဒုက္ခတွေ့ကြပြီပေါ့။ ကျွန်မယောကျ်ားလေ ခုနလေးတင်ပဲ ဘာဖြစ်မှန်းမသိဘဲ ဖြုန်းကနဲ လဲသေသွားပါပကော။

"ဘယ်လိုလုပ်ကြမတုန်း။ ကျွန်မတို့မှာ ဆွေမရှိ မျိုးမရှိ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမအပြင် အားထားစရာမရှိတာ သူငယ်ချင်းမ အသိပါ။ လိုက်ခဲ့ပါ သူငယ်ချင်းမရယ်။ ကျွန်မတို့ အတူသွားပြီး ကျွန်မလင် အလောင်းကို မီးသင်္ဂြိုဟ်ကြရအောင်လို့ ငိုယိုပြောပြီး ဆိတ်မကို ခေါ်လာခဲ့။ ခေါ်လာခဲ့လို့ ဆိတ်မ ငါ့အနားရောက်တာနဲ့ ငါက ဖြန်းခနဲ ထခုန်အုပ် ဇက်ကိုခဲပြီး ကိုယ်သတ်ပစ်လိုက်မယ်။ ဒီလိုဆို ငါတို့ သူ့အသားကို ဝဝကြီး ပွဲတော်တည်ရရော မဟုတ်လားရှင်မ"လို့ ပြောဆိုအကြံပေးပါသတဲ့။

"ဒီမြေခွေးတွေဟာ မုန်းစရာကောင်းလိုက်တာနော် ဦးဦး။ ဆိတ်မကလေး လိုက်များသွားရင် သေချာတော့မှာပဲ"

"ဆိတ်မကလေးဟာ ပါးရည်နပ်ရည်ရှိတယ်လို့ ဦးဦး ပြောထားသားပဲ၊ ဦးဦးပြောတာ နားထောင်ပါဦး"

ဒီလို အကြံပေးတဲ့အခါ မြေခွေးမက "အား. . . ကောင်းတယ်။ ဒီအကြံအားကြီးကောင်းတယ်။ သဘောကျတယ်"လို့ ပြောပြီး မြေခွေးမက သူ့လင်သင်ပေးတဲ့အတိုင်း ဆိတ်မကို သွားပြောပါသတဲ့။

ဒီတော့ ဆိတ်မက "အဆွေမြေခွေးမ၊ သင့်လင် မြေခွေးကြီးဟာ ငါ့ဆွေငါ့မျိုးကို ကိုက်သတ်စားသောက်ပစ်လိုက်တာ အားလုံးကုန်သွားပြီ၊ ငါတစ်ယောက်ထဲ ကျန်တော့တယ်ဆိုတာ သင် အသိပါ။ ဒါကြောင့် ငါကြောက်ပါတယ်။ သင့်လင်ဆီကို

www.burmeseclassic.com

www.burmeseclassic.com



ငါ မလိုက်ဝံ့ပါဘူး”လို့ ပြန်ပြောသတဲ့။

ဒီအခါ မြေခွေးမက “မိတ်ဆွေ ငါ့လင်အသက်ရှင်စဉ် တုန်းက သင်ပြောသလို ဟုတ်ခဲ့ပါတယ်။ အခု သေသွားပြီးဖြစ် တဲ့ ငါ့လင်ဟာ မိတ်ဆွေကို ဘာများလုပ်နိုင်ဦးမှာလဲ၊ လာပါ မကြောက်ပါနဲ့၊ လိုက်သာ လိုက်ခဲ့ပါ”လို့ ခေါ်ပါသတဲ့။

“ဘာပဲဖြစ်ဖြစ်လေ သင့်လင်ဟာ သိပ်ကို ရက်စက်ကြမ်း ကြုတ်တယ်။ ငါ မလိုက်ဝံ့ပါဘူး” လို့ ပြောပေမယ့် အကြိမ်ကြိမ် ခေါ်တဲ့အတွက် ဆိတ်မက ဒီလောက်ခေါ်နေရာထောက်တော့ တကယ်သေတာနဲ့ တူပါတယ်လေ့လို့ စဉ်းစားပြီး လိုက်သွားပါသတဲ့။

“ဒီအခါ သေချင်ယောင်ဆောင်နေတဲ့ မြေခွေးထီးဟာ မြေခွေးမနဲ့ ဆိတ်မတို့ရဲ့ ခြေသံကြားတဲ့အခါ ဆိတ်မ ပါမှ, ပါရဲ့ လားလို့ သိချင်ဇောနဲ့ ဆတ်ခနဲ ခေါင်းထောင်မျက်စိကစားပြီး ကြည့်လိုက်မိသတဲ့။ ဒါကို ပါးနပ်တဲ့ဆိတ်မက ဖြတ်ကနဲ မြင် သွားပါရော”

“ဒါဟာ သူ ဆန္ဒစောသွားတာပေါ့နော် ဦးဦး၊ အချိန်ကျ အောင် မစောင့်ဆိုင်းနိုင်တဲ့ သဘောပေါ့”

“အေး. . . သိပ်ဟုတ်တာပေါ့၊ ဒါဟာ ‘အရေးကြီးသော တစ်စက္ကန့်’ ပေါ့ကွာ။ သူ့ရဲ့ အကြီးဆုံးသော ချွတ်ယွင်းချက်ကြီး တစ်ရပ်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အချိန်ကျအောင် မစောင့်ဆိုင်းနိုင်မှု၊ သည်းမခံနိုင်မှု၊ စိတ်, မထိန်းနိုင်မှု၊ ဇွဲမရှိမှုဟာ အရာရာမှာ ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရတတ်တယ်ဆိုတာ မောင်တို့ မယ်တို့ သတိပြုဖို့ ဦးဦး ပြောချင်တယ်"

"ကဲ. . . ပုံပြင်ကို ဆက်ကြဦးစို့။"

အဲဒီလိုလဲ မြင်သွားတော့ 'ဒီအယုတ်တမာ မြေခွေးလင်မယားဟာ ငါ့ကို သတ်စားဖို့ လိမ်ညာပြီး သေချင်ယောင်ဆောင်အိပ်နေတာပါလားဆိုပြီး နောက်ပြန်လှည့်ပြေးပြီး သူနေရာသူ ပြန်သွားအိပ်လိုက်တာ ဘယ်လိုခေါ် လို့မှ ပြန်မလာတော့ဘူးတဲ့။

ဒီအခါ မြေခွေးမဟာ ဒါဟာ ရှင်အသုံးမကျလို့ ဖြစ်ရတာ အချိန်မကျသေးဘဲ ရှင်ခေါင်းထောင်မိလို့ လာဘ်ကြီးလွဲရတယ်လို့ အပြစ်တင်ပြီး "ကဲ. . . ပြီးတာ ပြီးပါစေတော့ ကျွန်မဆက်ပြီး ကြိုးစားမယ်"လို့ ပြောပြီး ဆိတ်မဆီသွားကာ. . .

"သူငယ်ချင်း၊ သူငယ်ချင်းကိုယ့်တို့ဆီလိုက်လာတာလေကိုယ်တို့မှာ သိပ်ကို အကျိုးရှိသွားတာ၊ သူငယ်ချင်း ကိုယ်တို့ဆီလိုက်လာတဲ့အချိန်မှာ ကိုယ့်ယောကျ်ားဟာ တစ်ခါတည်း သတိရပြီး အခု အသက်ပြန်ရှင်လာပြီကော။ ဝမ်းသာလိုက်တာ ကျေးဇူးတင်လို့ မဆုံးပါဘူး သူငယ်ချင်းရယ်။

"လာပါ လိုက်ခဲ့စမ်းပါ ကိုယ့်ယောကျ်ားနဲ့ ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



စကားလေး ဆက်ဆောင်ပါးတဲ့အနေနဲ့ ပြောပေးစမ်းပါ”လို့ ပြောပြန်သတဲ့။

“လာပြန်ပြီ ဒီအယုတ်တမာမြေခွေးမ ငါ့ကို လာလိမ်ပြန်ပြီ။ ဒါပေမယ့် သူတို့ဟာ ဆိတ်သားစားပြီး ခွန်အားဗလကြီးမားနေတော့ သူတို့နဲ့ ဆန့်ကျင်ဘက်လုပ်လို့ မဖြစ်ဘူး။ အနုနည်းနဲ့ ပြန်ကိုင်မှဖြစ်မယ်လို့ စိတ်ကူးပြီး. . .”

“ကောင်းပါပြီ သူငယ်ချင်း။ သူငယ်ချင်းတို့ ဝမ်းသာအားရဖြစ်ရအောင် အဖော်အပေါင်းတွေနဲ့ကို လာရောက်အားပေးပါ့မယ်လို့ ပြောပါသတဲ့”

“ဒီအခါ မြေခွေးမက သူငယ်ချင်းတို့လာရင် ကျွေးမွေးဧည့်ခံဖို့ စီစဉ်ရအောင် ဘယ်လိုသူငယ်ချင်းတွေနဲ့ ဘယ်လောက်များများ လာရောက်မှာပါလဲ”လို့ မေးပါသတဲ့။

“ဒီအခါ ဆိတ်မက ကျွန်မနဲ့လာမယ့် အဖော်တွေဟာလေ မြေခွေးကြီးက လေးကောင်၊ တစ်ကောင် တစ်ကောင်မှာလေ အခြွေအရံပရိတ်သတ်က ငါးရာဆိုတော့ ပေါင်းနှစ်ထောင်၊ အားလုံးနှစ်ထောင်နဲ့ လေးကောင်ပေါ့။ သူတို့အားလုံးအတွက် စားစရာ သောက်စရာ ပြည့်စုံအောင် စီရဉ်ထားပါ။

“အကယ်၍ စားစရာမလုံလောက်ရင်တော့ ရှင်တို့လင်မယားကို သူတို့ စားပစ်ကြပါလိမ့်မယ်”လို့ ပြောသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခါ မြေခွေးမဟာ တအားကြောက်လန့်ပြီး မဖြစ်ချေဘူး မဖြစ်ချေဘူး ငါတို့ဆီ သူမလာဖြစ်အောင် ပရိယာယ်ဆင်မှဖြစ်တော့မယ်။ သူသာလာရင် ငါတို့ သေရတော့မှာ အမှန်ပဲလို့ စဉ်းစားပြီး. . ."

"သူငယ်ချင်းရေ သူငယ်ချင်းအိမ်မှာ ပစ္စည်းပစ္စယ အသုံးအဆောင်တွေက များတယ်မဟုတ်လား။ သူငယ်ချင်း အပြင်ထွက်သွားရင် အဲဒီ ပစ္စည်းပစ္စယတွေ ပျောက်ရှ ပျက်စီးကုန်မှဖြင့် ဒုက္ခ။ ကိုယ့်ကြောင့်တော့ ဒီလို မဖြစ်စေချင်ဘူး သူငယ်ချင်း။"

"ဒီတော့ သူငယ်ချင်းက ကျန်းမာချမ်းသာစေကြောင်း မေတ္တာလောင်းပါတယ်ဆိုတဲ့အကြောင်း ပြောကြားလိုက်ပါတယ်ဆိုတာ ကိုယ်ကပဲ တစ်ဆင့်ပြောပြလိုက်ပါတော့မယ်။ သူငယ်ချင်းအိမ်ကမခွာဘဲ ဒီမှာပဲ နေပါတော့လို့ မျက်နှာငယ်ကလေးနဲ့ ပြောဆိုပြီး. . ."

သူလင်ဆီ ကမန်းကတန်းပြန်လာကာ သူလင်ကို တစ်ပါတည်းခေါ်ပြီး သေပြေးရှင်ပြေး ထွက်ပြေးလိုက်ကြတာ ဒီနေရာကို နောက်ထပ် ဘယ်တော့မှ ပြန်မလာဝံ့ကြတော့ဘူးတဲ့ကွယ်"

"ပုံပြင်လေးက ဒါပဲလား ဦးဦး"

"အေး. . . ဒါပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ဦးဦး၊ ကျွန်တော်တို့မှာဖြင့် ဆိတ်မကလေးများ အသတ်ခံရဦးမှာလားလို့ တထိတ်ထိတ်နဲ့ နားထောင်နေရတာ ခုမှပဲ ရင်ထဲအေးသွားတော့တယ်"

"အေး. . . ဒါဟာ တစ်ဘက်က လိမ္မာ, ရိုးသား, ပါးနပ်မှု တစ်ဘက်က ကောက်ကျစ်စဉ်းလဲ ဌွဲမရှိပဲ အချိန်ကျအောင် မစောင့်ဆိုင်းနိုင်မှုတို့ အားပြိုင်ကြရာမှာ လိမ္မာ, ရိုးသား, ပါးနပ်မှုဘက်က အနိုင်ယူသွားတဲ့ သာဓကလေးတစ်ရပ်အဖြစ် မှတ်ယူဖို့ပဲပေါ့ မောင်တို့မယ်တို့ရာ"

"ဟုတ်ကဲ့ပါ ဦးဦး"

"အချိန်မကျဘဲ ခေါင်းထောင်လွဲ ကျိုးနည်းပျက်စီးရ"

📖 📖 📖

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အဖေထက် တစ်လကြီးတဲ့ သားပုံပြင်

"ဦးဦး ဒီနေ့ ဘာပုံပြောမလဲ"

"ဒီနေ့လား. . . အင်း. . . ဒီနေ့ 'အဖေထက် တစ်လကြီးတဲ့ သား ပုံပြောမယ်"

"ဟင် ဦးဦးကလဲ အဖေထက် သားက တစ်လကြီးရမယ်လို့ မဖြစ်နိုင်တာကြီး'

"ဟော့. . . နား ထောင်ကွာ။ အရမ်းမဝေဖန်နဲ့။ ဦးဦးက ပုံဆန်းဆန်းကလေးတွေ ပြောတတ်တယ်"

"အေး. . . နားထောင်ကြည့်ပေါ့ကွာ။ ဖြစ်နိုင်၊ မဖြစ်နိုင် အဖြေပေါ်လာမှာပေါ့။ ကဲ. . . နားထောင်ကြ"

ဟိုး. . . ရှေးရှေးတုန်းက ရွာတစ်ရွာမှာ မိသားစုတစ်စု နေကြတယ်။ အဖေရယ်၊ အမေရယ်၊ အဖေရဲ့ အဖေရယ်၊ သားငယ်ကလေးရယ် ပေါင်း လေးယောက်ပေါ့ကွာ။

အဲဒီမိသားစုမှာ အမေလုပ်သူ မိန်းဟာ စိတ်သဘောထားညံ့တယ်။ ယောက္ခမဖြစ်သူ အဖိုးကြီးကို အိမ်မှာမရှိစေချင်ဘူး။ ကောင်းကောင်းမပြုစု၊ မကျွေးမွေးဘူး။

ယောကျ်ားလုပ်တဲ့သူကို "ရှင့်အဖေကြီးဟာ အင်မတန်ဂျီးများတယ်။ ထမင်းကျွေးရင် ငန်သလား၊ ပေါ့သလေး၊ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



က မာပြန်ပြီ၊ ပေ့ါပြန်ပြီနဲ့ ပြော၊ ကိုယ့်အရာမဟုတ်တာ ဝင်လုပ်၊ ဝင်ပြော၊ မလုပ်နဲ့ပြောရင် မကြိုက် စိတ်ဆိုး။ ကျွန်မတော့ စိတ်ညစ်သာပြီ။ ရှင့်အဖေကြီးနဲ့အတူ မနေချင်တော့ဘူး”လို့ မကြာမကြာ ပြောသတဲ့။

“မနေချင်တော့ ဘယ်လိုလုပ်မလဲလို့ ယောက်ျားက ပြန်မေးတဲ့အခါ. . .”

“ဒီမှာ. . . ရှင့်အဖေကြီးဟာ အိုလှပြီ။ အားလဲ နည်းလှပြီ။ ရောဂါတွေကလဲ အမျိုးမျိုးနဲ့ မကြာခင်သေတော့မှာ အမှန်ပဲ။ ဒီတော့ ရှင်သူ့ကို သုသာန်ယူသွား တွင်းထဲထည့် ပေါက်တူးနဲ့ခေါင်းဖြတ်သတ်ပြီး ပြန်လာခဲ့”လို့ ပြောသတဲ့။

“ရက်စက်လိုက်တာနော် ဦးဦး၊ ဒီတော့ သူ့ယောက်ျားက ဘာပြန်ပြောသလဲ”

“ဘာမှ ပြန်မပြောဘူးတဲ့ကွဲ့”

“ဟင်. . . သူက လူအ၊ လူနုံကြီးနဲ့ တူပါတယ်။ ကျွန်တော်သာဆိုရင် ဒီမိန်းမကို ရိုက်နှက်ပြီး အိမ်ပေါ်က နှင်ချလိုက်မှာ”

“အေး. . . အဲဒီစိတ်ထားမျိုးလေး မပျောက်အောင် ကြိုးစားမွေးထားပါ မောင်ရာ။ တော်တော်ကြာ အဲဒီယောက်ျား ထက်တောင် ဆိုးချင် ဆိုးနေမှာ။ ‘ပြောပါများ မယားစကားအောင်’ တဲ့ကွ သားတို့ရ”

www.burmeseclassic.com

www.burmeseclassic.com



မိန်းမက အဲဒီလို ထက်ကာထပ်ကာပြောတော့ ယောက်ျား က "ရှင်မ. . . လူသတ်တယ်ဆိုတာ လွယ်တာမှတ်လို့ အင်မ တန် တာဝန်ကြီးတာ။ ငါ ဘယ်လိုလုပ် သတ်ရမှာလဲ"လို့ မေး သတဲ့။

"တကယ်တုံးတဲ့လင်နဲ့ တကယ်ရက်စက်တဲ့မယား တွေ့ကြ တာပေါ့နော်၊ အဖိုးကြီး သနားစရာပါပဲ"

ဒီတော့ မိန်းက "ဒီမှာ ရှင့်ကို ကျွန်မ နည်းလမ်းတစ်ခု ပြောမယ်။ ဒီလိုလုပ်"

"ပြောစမ်းပါဦး။ ဘယ်လိုလုပ်ရမှာလဲ"

"မနက်စောစော အဖိုးကြီးထိုင်နေတဲ့ နေရာသွား ပြီးတော့ ကြားလောက်အောင် အသံကျယ်ကျယ်နဲ့ 'အဖေ၊ နောက်ဘက် ရွာမှာ အဖေ့ကြွေးတွေ ရှိတယ်မဟုတ်လား။ အဲဒါ. . . ကျွန်တော် သွားသွားတောင်းနေတာ မရဘူး။ ဒါကြောင့်. . . နက်ဖြန်မနက် စောစော လှည်းယာဉ်ကလေးနဲ့သွားပြီး ကြွေးတောင်းရအောင်' လို့ ပြောထား။ နောက်နေ့မနက် အစောကြီးထပြီး လှည်းယာဉ် ကလေးတပ်၊ အဖိုးကြီးကို လှည်းပေါ်တင် သုသာန်ကိုမောင်းသွား သွား၊ သုသာန်ရောက်တော့ တွင်းတူးပြီး ဟောဒီမှာဖိုးကယ် ကြပါဦး ကျွန်တော်တို့ကို လူဆိုးတွေ ရိုက်နှက်လုယက်နေကြပါ တယ်လို့ တအားအော်ပြီး အဖိုးကြီးကို တွင်းထဲထည့်၊ ပေါက်တူး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ခေါင်းဖြတ်သတ်၊ မြေဖို့ပြီး ပြန်လာခဲ့တော့ပေါ့။ ဘာခက်တာ မှတ်လို့ အလွယ်ကလေး”လို့ ပြောသတဲ့။

ဒီတစ်ခါ လူနုံကြီး လင်ယောက်ျားက “အေး. . . ဒီနည်းအဟုန်သားပဲ”လို့ သဘောတူလက်ခံပြီး အဖေကြီးကို လှည်းယာဉ်ကနေနဲ့တင်သွားဖို့ စီမံပါသတဲ့။

ဒီလို သူ့အမေ အကြံပေးတဲ့စကားကို အင်မတန်လိမ္မာပညာဉာဏ်ကြီးတဲ့ ခုနစ်နှစ်သားငယ်ကလေး ကြားတဲ့အခါ ငါ့အမေဟာ တယ်ရက်စက်ယုတ်မာပါလား။ ငါ့အဖေတော့ အဖေသတ်တဲ့ကံကြီးထိုက်အောင် လုပ်နေပါလား။ ငါ့အဖေ ဒီကံကြီးမထိုက်စေရဘူး။ ငါ. . . ကယ်တင်ရမယ်လို့ ဆုံးဖြတ်လိုက်ပြီး အသာကလေးသွားပြီး အဖိုးနဲ့အတူ အိပ်နေလိုက်သတဲ့ကွယ်”

“နေဦး ဦးဦး၊ သားသား နားမလည်တာ မေးရဦးမယ်။ အဖေသတ်တဲ့ ကံကြီးထိုက်ရင် ဘာဖြစ်တတ်သလဲ”

“အေး. . . အဲဒါသိထားဖို့ သိပ်အရေးကြီးတယ်ကွဲ့”

“အဖေသတ်တဲ့ ကံကြီးထိုက်သူဟာ အမေသတ်တဲ့သူလဲ အတူတူပဲပေါ့ကွယ်။ သေလျှင် အဝီစိငရဲကြီးထဲကို တန်းကျတာပဲ။ ဘယ်သူမှ မကယ်နိုင်ဘူး။ အလွန် ကြောက်စရာကောင်းတယ်။ ဒါကြောင့် မင်းတို့တစ်တွေ မိဘ, ဆရာသမားစတဲ့ ကျေးဇူးရှင်တွေကို မပြစ်မှားရဘူးနော်။ ကြပ်ကြပ်သတိထားရ

www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

"ကဲ . . . ဆက်ပြောမယ်။ နားထောင်နော်"

"လူနုံယောကျ်ားဟာ နောက်တစ်နေ့ မနက်စောစော ထပြီး လှည်းယာဉ်ကလေးတပ်ကာ အဖေ . . . လာလာ ကြွေး တောင်းသွားရအောင်ဆိုပြီး အဖေကို လှည်းကလေးပေါ်မှာ ထားသတဲ့။ သားငယ်ကလေးကတော့ စောစောကတည်းက လှည်းယာဉ်ကလေးပေါ် တက်နေလိုက်သတဲ့"

အဖေလုပ်တဲ့သူက သူ့သားကလေးကို မလိုက်ဖို့ပြော တာ မရတာနဲ့ သားကလေးကိုပါခေါ်သွားပြီး သုသာန်ရောက် တော့ သူတို့မြေးအဖိုးကို တစ်နေရာမှာထား သူက လှည်းပေါ် ကဆင်း၊ ပေါက်တူးခြင်းတောင်းတို့ကို ယူ၊ ခြုံကွယ်တစ်နေရာမှာ လေးထောင့်ကျင်းတစ်ကျင်းတူးနေသတဲ့ကွယ်။

ဒီအခါ သားလိမ္မာကလေးဟာ လှည်းပေါ်က ဆင်း၊ အဖေ့ဆီသွားကာ မသိချင်ယောင်ဆောင်ပြီး . . .

"အဖေ ဒီတောကြီးမျက်နှာချင်းထဲက သုသာန်အလယ်ခေါင် မှာ စားစရာ သစ်ဥ၊ သစ်ဖုဆိုလို့ ဘာမှမရှိပဲ အဖေ ဘာကိုလိုချင် လို့ တွင်းတူးနေတာလဲ"လို့ မေးသတဲ့။

ဒီအခါ အဖေက "ဒီမှာသားရဲ့ သားရဲ့အဖိုးဟာ အိုလှ ပြီ၊ အားလည်းနည်းလှပြီ၊ ရောဂါတွေကလဲ အမျိုးမျိုးနဲ့ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနေရှာတယ်။ ဒီလို ရောဂါဝေဒနာဒဏ် ခံစားနေရတာထက် တော့ သူ့အဖို့ သေသွားတာပဲ ကောင်းသေးတယ်။ ဒါကြောင့် သားရဲ့အဖိုးကို တွင်းထဲထည့် မြှုပ်သတ်ပစ်လိုက်တော့မလို့ အဖေတွင်းတူးနေတာ”လို့ ပြောတဲ့အခါ-

သားလိမ္မာဂ လေးက “ဩော်. . . အဖေ ဒီလိုလား၊ မကျန်းမမာဖြစ်နေလျှင် ဆေးဝါးကုသပြုစု ကျန်းမာလာအောင် ပြုစုပေးရမယ့်အစား တွင်းထဲထည့် မြှုပ်သတ်လိုက်မယ်ဆိုတဲ့ အဖေတို့ အကြံအစည်ဟာ ရက်စက်ကြမ်းကြုတ်လှပါကလား” လို့ ပြောပြီး အဖေလက်ထဲက ပေါက်တူးကို ဆွဲယူကာ မနီးမဝေး တစ်နေရာမှာ တွင်းတစ်တွင်း သွားတူးနေသတဲ့ကွဲ့။

ဒီအခါ အဖေလူနုံကြီးက သားအနီးသွားပြီး “သား. . . ဘာလုပ်ဖို့ တွင်းတူးနေတာလဲ”လို့ မေးတဲ့အခါ. . .

သားကလေးက “အဖေ့တို့လုပ်တာကိုကြည့်ပြီး သားလုပ် တာပဲ။ ဒီကြီး အိုမ ရောဂါဒဏ်ခံနေရရှာတဲ့အဖေကို သားက ဆေးဝါးကုသ ပြုစုမပေးဘဲ တွင်းထဲထည့်မြှုပ်သတ်ပစ်လိုက်တာ ငါတို့အမျိုးရဲ့ အလေ့အထလမ်းစဉ်ပါလားဆိုတာ သား သိရတဲ့ အတွက် ဒီလမ်းစဉ်အတိုင်း ကျင့်သုံးဖို့ ကျွန်တော်လဲ ကြီးသား၊ အရွယ်ရောက်လာရင် အိမ်ထောင်ပြုပြီး အိုမင်းနေပြီဖြစ်တဲ့ အဖေ့ကိုမြှုပ်သတ်ဖို့ တွင်းတူးတာပါ”လို့ ပြန်ပြောလိုက်သသတဲ့ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မှတ်ကရော၊ ကောင်းတယ်၊ အားကြီးကောင်းတယ်"

"ဒီအခါ လူနံ့အဖေကြီးဟာ အံ့အားကြီးသင့်ပြီး. . ."

"ဟင်. . . သား၊ သားဟာ အဖေချစ်တဲ့သား ဖြစ်ပါလျက်နဲ့ အဖေ့ကို နှိပ်စက်ထိပါး ကြမ်းတမ်းတဲ့စကားတွေ ပြောနေတာဟာ အဖေအကျိုးမဲ့ကို လိုလားလို့ပေါ့"လို့ ပြောသတဲ့။

ဒီတော့သားလေးက "အဖေထင်သလို မဟုတ်ပါဘူး အဖေ။ သားဟာ အဖေ့အကျိုးစီးပွားကို အများကြီးလိုလားပါတယ်။ မိဘကိုပြစ်မှားတဲ့ သားသမီးများဟာ သေလျှင် အပါယ်ငရဲကို ကျိန်းသေရောက်ရပါတယ်။ ဒါကြောင့်. . . အဖေ အပါယ်မကျအောင် သားအဖေ့ကို ကယ်ဆယ်တာပါ"လို့ ပြောသတဲ့။ ဒီတော့မှ အဖေလူနံ့ကြီးဟာ သဘောပေါက်သွားပြီး "ဟုတ်ပါတယ် သားရယ်၊ သားဟာ အဖေ့ကျေးဇူးရှင်ပါပဲ၊ အဖေ့အကျိုးစီးပွားကို လိုလားတဲ့ သားပါပဲ။ သားသာမကယ်ရင် အဖေဟာ ကံကြီးထိုက်ပြီး အပါယ်ငရဲကျမှာ သေချာပါတယ်"လို့ ပြောသတဲ့။

အဲဒီနောက် သားအဖ မြေးအဖိုး သုံးဦးတို့ဟာ ပျော်ပျော်ရွှင်ရွှင် လှည်းယာဉ်ကလေးစီးပြီး အိမ်ပြန်သွားကြလေရာ စိတ်ထားယုတ်ညံ့လှတဲ့ မယားကို ရိုက်နှက်ထုထောင်းကာ အိမ်က မောင်းချလိုက်ကြပါသတဲ့။

www.burmeseclassic.com



"ပုံပြင်ကလေးကတော့ ဒါပါပဲကွာ"

"ဟင်. . . ဦးဦးကလဲ အဖေထက် သားက တစ်လကြီး တယ်ဆိုတာလဲ မပါ, ပါလား"

"အဲဒါက မင်းတို့အတွက် တစ်ကွက်ချန်ထားတာလေ ကွာ။ ပုံပြင်ကို သေသေချာချာဖတ် ပြန်စဉ်းစားလျှင် သားက တစ်လကြီးတာ မင်းတို့ တွေ့ရပါလိမ့်မယ်။ ဒီစာအုပ် တစ်နေရာ မှာ အဖြေကို တွေ့ရလိမ့်မယ်. . . ကြည့်ပါ"

📖 📖 📖

သားတစ်လကြီး ပုံပြင်မှအဖြေ

အဖေက နုံအ၊ ထုံထိုင်း၊ အသိဉာဏ်နည်း ပညာမဲ့လို့ မယားမိုက်ပြောတဲ့အတိုင်း လိုက်လုပ်တာ။ သားက အလိမ္မာ၊ ဉာဏ်ပညာရှိလို့ အဖေ့ကို မြှုပ်သတ်ဖို့ တွင်းတူးပြီး ဆုံးမတာ တွေဟာ အဖေထက် သားက တစ်လကြီးပုံတွေပေါ့ကွယ်။

သည်နေရာမှာ ကြီးတယ်ဆိုတာ အသက်ကြီးတာကို ပြောတာမဟုတ်ဘူး။ အသိဉာဏ်ပညာကြီးတာကို ဆိုလိုတယ် ဆိုတာ နားလည်ကြဖို့ပေါ့ကွာ။

📖 📖 📖

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပညာကြီးသော ဘုရင်ကလေးအကြောင်း

"သားတို့ သမီးတို့ ရောက်လာကြပြီလားဟေ့"

"ဟုတ်ကဲ့ဦးဦး။ ရောက်လာကြပါပြီ"

"ဘယ့်နှယ်လဲကွယ့်။ သားတို့ သမီးတို့တတွေ ပုံပြင်နားထောင်ရတာ မပျင်းကြသေးဘူးလား"

"မပျင်းကြသေးပါဘူး။ အများကြီး ဆက်နားထောင်ချင်ပါသေးတယ်"

"သားတို့ သမီးတို့တစ်တွေ ဉာဏ်ရည် ဉာဏ်သွေးရောတော်တော်တိုးတက် ထက်မြက်လာကြရဲ့လား"

"ထက်မြက်တင့် ထင်ပါတယ် ဦးဦး"

"ထက်, မထက် သိရအောင် ဦးဦးစမ်းကြည့်မယ်။ အစမ်းခံနိုင်ကြပါ့မလား။ 'သခင်မသုံး ထားတုံး'ဆိုတဲ့ စကားရှိတယ်ကွယ့်။ ထား (ဓား)များဟာ သခင်က အသုံးမပြုဘဲထားရင် သွေးတာခေတ်တာနဲ့ သံချေးတက်၊ တုံးပေသွားတတ်သလို ဉာဏ်ဟာလဲ

www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားဘဲထားရင် မထက်မြက်တော့ဘဲ ထုံထိုင်းသွားတတ်တယ်တဲ့။ ဒါကြောင့် ဦးဦးက သားတို့ သမီးတို့ ဉာဏ်ကလေးတွေ ထက်မြက်လာအောင် သွေးပေးလိုက်ချင်တာ"

"ကောင်းပါပြီ ဦးဦး၊ စမ်းကြည့်ပါ"

"ဒါဖြင့်ရင် ဒီနေ့ သားတို့ သမီးတို့ကို ပြဿနာ (၁၄) ရက် ပေးလိုက်မယ်။ အဲဒါ သားတို့ သမီးတို့ စဉ်းစားဖြေဆိုထားကြ။ ပြီးဒီစာအုပ်ရဲ့ တစ်နေရာမှာ ဦးဦးရဲ့အဖြေနဲ့ တိုက်ဆိုင်ကြည့်ပါ။ အဲဒီအခါ သားတို့ သမီးတို့ ဉာဏ်ပညာ ဗဟုသုတ ဘယ်လောက် တိုးတက် ထက်မြက်လာတယ်ဆိုတာ သိရပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

📖 📖 📖

## ပြဿနာ (၁၄) ချက်

ရှေးက အလွန်ငယ်ရွယ်ပြီး ဉာဏ်ပညာထက်မြက်တဲ့ ဘုရင်ကလေးတစ်ပါး ရှိသတဲ့။

အဲဒီ ဘုရင်ကလေး ရှင်ဘုရင်ဖြစ်တဲ့အခါ ဘုရင်လေးရဲ့ ခမည်းတော် ဘုရင်ကြီးလက်ထက်က အမတ်ကြီး ဂါမဏိစန္ဒဟာ ငယ်ရွယ်တဲ့ဘုရင်ကလေးထံ အမှုတော်မထမ်းလိုတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



တောရွာတစ်ရွာသွားပြီး လယ်ယာလုပ်ကိုင် စားသောက်နေထိုင်သတဲ့။

အဲဒီအခါ အမတ်ကြီးဟာ ပြဿနာ (၁၄) ရပ်နဲ့ တွေ့ရတော့တာပဲ။ အဲဒီ ပြဿနာ (၁၄)ရပ် ကတော့. . .

၁။ တစ်နေ့မှာ ဂါမဏိစန္ဒဟာ မိတ်ဆွေတစ်ဦးထံက နွားနှစ်ကောင် ငှား လယ်ထွန်ပြီး နွားရှင်ထံ နွားတွေပြန်အပ်ဖို့လာခဲ့ရာ နွားရှင်လင်းမယားတို့ ထမင်းစားနေတာနဲ့ အနှောင့်အယှက် မဖြစ်စေလိုတဲ့အတွက် ဘာမှ မပြောတော့ဘဲ နွားတွေကို ခြံထဲ မောင်းသွင်းထားခဲ့သတဲ့။

ညကျတော့ နွားတွေကို သူခိုးက ခိုးသွားပါလေရော။ ဒီအခါ နွားရှင်ဟာ သူခိုးခိုးသွားမှန်းသိသားနဲ့ ဂါမဏိထံ အလျော်တောင်းမယ်ဆိုပြီး သွားတောင်းတဲ့အခါ အငြင်းပွားကြတော့တာပဲ။ နွားပြန်ပေးပြီးပြီ၊ ပြန်မပေးရသေးဘူး စသည်ဖြင့်ပေါ့ကွာ။

ဒီအခါ နွားရှင်က "တရားစွဲမယ်၊ မင်းထံလိုက်ခဲ့" ဆိုပြီး ကျောက်စရစ်ခဲကလေး ပစ်ချကာ၊ မင်းအမိန့်ပဲလို့ ဆိုလိုက်တာနဲ့ ဂါမဏိ မင်းထံ လိုက်သွားရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအခါတုန်းက ခုခေတ်လို အမိန့်ဆင့်စာတွေ ဘာတွေ ထုတ်နေဖို့ မလိုဘူး။ ခုလို ကျောက်စရစ်ခဲလေးဖြစ်ဖြစ်၊ အိုးခြမ်းကွဲကလေးဖြစ်ဖြစ် ပစ်ချပြီး ဒါသင့်ကို ဆင့်ခေါ်တဲ့ မင်းတမန်ပဲဆိုရင် လိုက်ရတယ်။ မလိုက်ရင် မင်းဒဏ်သင့်သတဲ့"

"ခုခေတ်လို မရှုပ်ဘူး၊ တကယ်ရှင်းတယ်နော် ဦးဦး"

"အေး အဲဒီခေတ်က လူတွေဟာ တော်တော်ရိုးသားသစ္စာတရား ရှိကြတယ်ဆိုရမှာပေါ့ကွယ်"

"အဲ. . . ခုပြောတာ ပြဿနာတစ်ရပ်ကွက်၊ မှတ်ထားကြ"

၂။ ဂါမဏိစန္ဒနဲ့ နွားရှင်တို့ သွားကြရာ လမ်းမှာဆာလောင်ကြတာနဲ့ ရွာငယ်တစ်ခုရှိ ဂါမဏိရဲ့မိတ်ဆွေအိမ် ဝင်ကြတဲ့အခါ မိတ်ဆွေမရှိခိုက်ဖြစ်နေတာနဲ့ အိမ်ရှင်မက ပျူပျူငှာငှာ ထမင်းချက်ဖို့ဆိုငြား လှေကားထောင် စပါးကျီပေါ်အတက်မှာ ခြေချော်ကျပြီး ၇. . . လရှိတဲ့ ကိုယ်ဝန်ပျက်ကျသွားပါလေရောတဲ့ကွာ။

ဒီအခိုက် အိမ်ရှင်ယောကျ်ား ရောက်လာပြီး "ငါ့မယားကို ရိုက်နှက်ကာ ကိုယ်ဝန်ပျက်ကျစေတယ်၊ တရားစွဲမယ် လိုက်ခဲ့"လို့ ခေါ်သွားပြန်ပါရောတဲ့။

www.burmeseclassic.com



အဲဒီလို ဂါမဏိကို တရားလိုနှစ်ယောက် ညှပ်ပြီးခေါ် အသွား လမ်းမှာ မြင်းထိန်းတစ်ယောက်က ထွက်ပြေးသွားတဲ့သူ့မြင်းကို ပြန်လှည့်လာအောင် မတတ်နိုင်တာနဲ့ "ဦးကြီးဂါမဏိ၊ တစ်ခုခုနဲ့ပစ်ပြီး မြင်းကိုဒီဘက်ပြန်လှည့်လာအောင် လုပ်ပေးပါ"ဆိုတာနဲ့ ဂါမဏိက ကျောက်ခဲနဲ့ပစ်လိုက်တာ မြင်းခြေကျိုးသွားပြန်ပါရော။

ဒီအခါ မြင်းထိန်းက "သူ့မြင်းခြေချိုးပစ်တယ် တရားစွဲမယ်"ဆိုပြီး ခေါ်တာနဲ့ ဂါမဏိခမျာ လိုက်သွားရပြန်ပါရော။

၄။ အဲဒီ တရားလိုသုံးဦးနဲ့ ဂါမဏိတို့သွားကြစဉ် ဂါမဏိက စဉ်းစားတယ်။ ဒုက္ခမှ အကြီးအကျယ် ဒုက္ခပဲ။ ငါ့မှာ နွားဖိုး၊ မြင်းဖိုး၊ ကိုယ်ဝန်ဖိုး ဘာဖိုးမှ လျော်စရာမရှိဘူး။ ရှင်ဘုရင်ဆီရောက်ရင် သေဖို့ပဲရှိတော့တယ်။ ဒီတော့ မထူးတော့ဘူး။ စောစောစီးစီး ကိုယ့်ကိုကိုယ် သတ်သေလိုက်တာပဲ အေးတယ်လို့ စိတ်ကူးပြီး. . .

"ဟိုဘက်နားသွား ကျင်ငယ်လေး ဘာလေးစွန့်ပါရစေ" လို့ ပြောကာ ကပျာကရာ တောင်ပေါ်တက် ချောက်ထဲ ဘက်ခုန်ချလိုက်တာ ချောက်ထဲမှာ ဖျာရက်နေတဲ့သားအဖ နှစ်ယောက်အပေါ် ကျပြီး အဖေကြီးဟာ သေသွားပြန်

www.burmeseclassic.com

www.burmeseclassic.com



ပါရောတဲ့။ ဒါနဲ့ သားဖြစ်သူက "သူ့အဖေသတ်တယ်၊ တရားစွဲမယ်"ဆိုပြီး ခေါ်သွားပြန်ပါရောတဲ့ကွာ။

"တော်တော်ကံဆိုးတဲ့ ဦးဂါမဏိကြီးပဲနော်၊ သနားစရာပဲ"

"အေး. . . လောကကြီးဟာ ဒီလိုပဲကွယ့်။ အဆင်မပြေ ချင်ဘူးဆိုမှဖြင့် ဆက်ကာဆက်ကာ မလိုအပ်တာတွေ ဖြစ်လာတတ်တာပဲ။ ဒါပေမယ့် အဲဒီလို အဆင်မပြေမှု တွေရဲ့ အဆုံးမှာ ကိုယ်ချမ်းသာစရာ၊ စိတ်ချမ်းသာစရာ ကလေးတွေလဲ ဖြစ်လာတတ်တယ်။ စိတ်မာတ်လော့ မကျရဘူးကွယ့်"

၅။ ခုလို တရားလိုလေးယောက်နဲ့သွားကြရာ ရွာစားတစ် ယောက်က ဂါမဏိ၊ မင်းထံသွားမယ်ဆိုတာ သိတာနဲ့ ဂါမဏိထံ ချဉ်းကပ်ပြီး 'ဦးရီးဂါမဏိ၊ ကျွန်ုပ်ဟာ ရှေး အခါက အဆင်းလှပါတယ်၊ ဥစ္စာပေါပါတယ်၊ ရောဂါ ကင်းပါတယ်။ ခု ဒီလိုမဟုတ်တော့ပါဘူး။ အဲဒါ ဘာ ကြောင့်လဲဆိုတာ ပညာရှိမင်းထံ လျှောက်ထားပြီး ကျွန်ုပ် ထံ အကြောင်းပြန်ကြားပေးပါ"လို့ မှာလိုက်ပါသတဲ့။

၆။ ရှေ့ဆက်သွားရင်းနဲ့ ရွာတစ်ရွာရောက်တဲ့အခါ ပြည့်တန် ဆာမတစ်ဦးက "ဦးရီးဂါမဏိ၊ ကျွန်ုပ်မှာ ရှေ့အခါက လာဘ်လာဘအလှူ ရှိပေါ်များပါတယ်။ အခု အလွန်ရှား

www.burmeseclassic.com



ပါး နွမ်းနယ်ပါတယ်။ အဲဒါ ရှင်ဘုရင်ထံ လျှောက်ထား ပြီး အကြောင်းပြန်ကြားပေးပါ"

၇။ နောက်တစ်ရွာရောက်တဲ့အခါ မိန်းမပျိုတစ်ဦးက "ကျွန်ုပ် ဟာ ယောကျ်ားအိမ်မှာလည်းကောင်း၊ မိဘအိမ်မှာ လည်းကောင်း အတည်တကျ မနေနိုင်ပါ။ အဲဒါ ဘာကြောင့် ပါလဲ မေးလျှောက်ခဲ့ပါ"

၈။ တောင်ပို့တစ်ခုမှမြွေက "ကျွန်ုပ်အစာရှာထွက်တဲ့အခါ ကိုယ်ခန္ဓာသေးငယ်ပါလျက် ခက်ခက်ခဲခဲ ကြပ်ကြပ် *တည်းတည်း* ထွက်ရပါတယ်။ အစာစားပြီး တွင်းထဲ ပြန်အဝင်ကျတော့ ကိုယ်ခန္ဓာကြီးလာပါလျက် ချောင်ချောင် ချိချိ ဝင်နိုင်ပါတယ်။ အဲဒီအကြောင်း မေးလျှောက်ခဲ့ပါ"

၉။ သမင်တစ်ကောင်က "တစ်ခြားနေရာမှာ မြက်မစားနိုင် ပါ။ တစ်ခုသော သစ်ပင်ရင်းမှာသာ စားနိုင်ပါတယ်"

၁၀။ ခါတစ်ကောင်က "တစ်ခုသော တောင်ပို့ခြေရင်းမှာနေပြီး တွန်မှ နှစ်သက်ဖွယ် သာသာယာယာ တွန်နိုင်ပါတယ်။ တခြားနေရာမှာနေပြီး ဒီလို မတွန်နိုင်ပါဘူး"

၁၁။ ရုက္ခစိုးနတ်တစ်ဦးက "ရှေးက ပူဇော်သက္ကာရအဘော် လာဘများစွာ ရခဲ့ပါတယ်။ ယခု မရပါဘူး"

၁၂။ နဂါးမင်းက "ရှေးက ဒီရေကန်ဟာ ရေကြည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ရေနောက်ရုံမကဘူး အမှိုက်သရိုက်တွေ မှော်တွေလဲ အင်မတန် များပါတယ်"

၁၃။ ရသေ့တစ်ဦးက "ရှေးက ဒီအရပ်မှာ သစ်သီးကြီးငယ်တွေဟာ အင်မတန်ချိုပါတယ်။ ယခု အရင်လို မချိုပါ"

၁၄။ ပုဏ္ဏားတစ်ယောက်က "ရှေးအခါက သင်ထားတဲ့ဗေဒင်တွေဟာ မမေ့ပါဘူး။ ယခုအခါ အဲဒီဗေဒင်တွေဟာ ညအခါ ရွတ်အံ သရဇ္ဈာယ်ပါလျက် တချို့မေ့ကုန်ပါတယ်။ အဲဒါ ဘာကြောင့်ပါလဲဆိုတာ မေးလျှောက်ခဲ့ပါလို့" မှာလိုက်ကြပါသတဲ့။

ဦးကြီးဂါမဏိနဲ့ တရားလိုလေးဦးသားတို့ဟာ အဲဒီပြဿနာတွေကိုယူကာ ပညာရှိမင်းကလေးထံ သွားရောက်ကြပြီး တရားလိုလေးဦးတို့က တရားစွဲဆိုကြပါသတဲ့။

"ပညာရှိ ရှင်ဘုရင်ကလေးက တရားလိုတွေတင်ပြစွဲဆိုတဲ့အမှုကို လက်ခံကြားနာပြီး ခုလိုစစ်ဆေးစီရင် ဆုံးဖြတ်ပေးလိုက်သတဲ့ကွယ်"

"ဘယ်လို ဆုံးဖြတ်ပေးလိုက်သလဲ ဦးဦး"


"ပြောပြီးပြီကောကွယ့်၊ စောင့်ကြည့်ပါလို့"

"အား. . . ဟုတ်သားပဲ။ တောင်းပန်ပါတယ် ဦးဦး"

🕮 🕮 🕮

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## စေတနာ ဝေဒနာ ဖြစ်ရတဲ့ သနားစရာ မြည်းကလေး

" ဦးဦး၊ ဟောဒီဖိုးဆော့ဟာ ဆော့ရုံသာမဟုတ်ဘူး။ ကိုယ့်အရာ မဟုတ်တာ ကိုယ်နဲ့မဆိုင်တာကိုလဲ ဝင်ဝင်လုပ်တတ်တယ်။ တစ်နေ့ ဒုက္ခတွေ့မယ်"

"ငါက ဘာလုပ်လို့လဲ"

"ဘာလုပ်ရမလဲ။ တစ်နေ့က ဦးလေးကြီးတစ်ယောက် မနိုင့်တနိုင်နဲ့ ဆန်အိတ်ကြီးမ,နေတာ မနေနိုင် မထိုင်နိုင် သူက ဝင်ကူမ,တော့ လွတ်ကျပြီး ကံကောင်းလို့ သူ့ကို မပိမိတာ မဟုတ်လား"

"အေး. . . ဟုတ်တာပေါ့။ ကိုယ်နဲ့မတန်တဲ့အလုပ်ကို ကိုယ်နဲ့မဆိုင်တဲ့အလုပ်ကို ဝင်မလုပ်ရဘူးကွယ့်။ ကူညီလိုတဲ့ စေတနာကို ချီးကျူးရပေမယ့် အဆင်မပြေတဲ့အခါ အဲဒီစေတနာ ဟာ ဝေဒနာဖြစ်သွားပြီး ကိုယ့်ကို ဒုက္ခပေးတတ်တယ်။

"မင်းတို့ မကြားဖူးဘူးလား၊ ဟို. . . သနားစရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြည်းကလေးအကြောင်း”

“ဘယ်မြည်းကလေးလဲ ဦးဦး။ သားတို့ မကြားဖူးသေးဘူး။ ပြောပြပါလား”

“အေး. . . ပြောပြမယ်။ နားထောင်ကြနော်”

ဟိုရှေးရှေးတုန်းက တော်တော်စည်ကားတဲ့မြို့တစ်မြို့မှာ ခဝါသည်တစ်ယောက် ရှိသတဲ့။

သူဟာ ညတစ်ညမှာ နုပျိုလှပ နှစ်သက်စရာကောင်းလှတဲ့ဇနီးသည်ကလေးနဲ့အတူ အချိန်အကြာကြီး၊ အိပ်ရာမှာ အတူယှဉ်တွဲနေထိုင်ကြပြီးနောက် အိပ်လိုကတာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်မောကျသွားပါသတဲ့။

အဲဒီအချိန် သူခိုးတစ်ယောက်ဟာ ပစ္စည်းဥစ္စာကို ခိုးမယ့်အကြံနဲ့ အိမ်ထဲကို ဝင်လာသတဲ့။

“ဒီလိုဝင်လာတာကို အိမ်မှာ မွေးထားတဲ့ခွေးရော၊ အိမ်ဝင်းထဲမှာချည်ထားတဲ့ မြည်းကလေးရော မြင်သတဲ့”

“မြည်းဆိုတာ ဘာလဲ ဦးဦး၊ မြင်းပဲလား၊ တစ်မျိုးလား”

“မြင်းမဟုတ်ဘူးကွယ့်။ သူက တစ်မျိုး၊ မြင်းနဲ့ခပ်ဆင်ဆင်တော့တူတယ်။ သူက ကျောက်ကုန်းပေါ်မှာ ဝန်စုပ်ဝန်ပိုးတွေတင်ပြီး သယ်ယူပို့ဆောင်ပေးတဲ့အကောင်။ သူ့ကို လားလို့လဲ ခေါ်တာပေါ့ကွယ်”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သူခိုးကိုမြင်တော့ မြည်းကလေးက ခွေးကို ပြောတယ်။ "အဆွေခွေး၊ ဟိုမှာ သူခိုးဝင်နေတာ မြင်တယ်မဟုတ်လား။ ဒီကိစ္စ သင်တာဝန်ယူရမယ့်ကိစ္စပဲ။ ဒီလိုဖြစ်ရက်သားနဲ့ အိမ်ရှင်နိုးအောင် သင်ဘာဖြစ်လို့ မဟောင်ဘဲ နေရတာလဲ"

"အသာနေပါ အဆွေမြည်းရာ။ ဒါက ကျွန်ုပ်ကိစ္စ၊ သင်နဲ့ မဆိုင်ပါဘူး။ သင်အနေသာကြီးပါ"

"ကျွန်ုပ်ဟာ ဒီသခင်ရဲ့အိမ်ကို နေ့ရောညပါ စောင့်ရှောက်လာခဲ့ပါတယ်။ ကျွန်ုပ်ဒီလို စောင့်ရှောက်လာလို့ ဒီအိမ်ရှင်သခင်ဟာ ဘေးမသီ ရန်မခ ချမ်းချမ်းသာသာနဲ့ အကြာကြီးနေလာခဲ့တာ သင်အသိပါ။

"ဒီလိုဖြစ်ရက်သားနဲ့ အိမ်ရှင်ဟာ ဒီလိုကျွန်ုပ်စောင့်ရှောက်လာခဲ့တဲ့ကျေးဇူးကို မသိတတ်ဘဲ အခုအစာကျွေးတာတောင် အရင်ကလို ဂရုတစိုက် မရှိတော့ဘူး။ ခုအခါ ကျွန်ုပ် မဝရေစာ စားနေရတာ အဆွေမြည်း အမြင်ပါပဲ။

"အလကားပါ ဒီအရှင် သခင်တွေဟာ သူတို့မှာ အန္တရာယ်ကျရောက်တဲ့အခါ အကာအကွယ်ယူတဲ့အခိုက်လောက်သာ ကျွန်ုပ်တို့လို အစေအပါး အခစားတွေကို ဂရုစိုက်ရမှန်း သိတာပါ" လို့ ခွေးက ပြန်ပြောသတဲ့။

ဒီအခါ မြည်းက "ဟယ်ငမိုက်ခွေး နားထောင်စမ်း၊ အမှု

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ပြုလုပ်ရမယ့်အခါ စေတနာနဲ့ မဟုတ်၊ ဥစ္စာကို လိုချင်တောင့်တတာ ဘယ်လို အခစားမျိုးလဲ"

"ဒီလိုဆို ကျွန်ုပ်ကလဲ ပြန်ပြောရပါလိမ့်မယ်။ လုပ်သင့်တဲ့အလုပ်ကို လုပ်တဲ့အခါ အစားအစာကို ဝဝလင်လင် ကျွေးခြင်းစသည်ဖြင့် မချီးမြှောက်တဲ့ ဟာ ဘယ်လိုအရှင်သခင်မျိုးလဲ။ ပြောပါဦးလို့ ခွေးက ပြန်ပြောသတဲ့"

"မြည်းနဲ့ခွေးက တော်တော်ပြောတတ်ကြတာပဲနော်"

"အေး. . . ပြောတတ်တာပေါ့ကွာ။ သူတို့လဲ သူတို့နဲ့ တန်သလောက် အသိဉာဏ် သဘောပေါက်ကသေးတာပေါ့။ သတ္တဝါမှန်သမျှ ကိုယ့်ဖို့တော့ ကိုယ်သိတတ်တာပေါ့"

ဒီအခါ မြည်းက ဒေါသတကြီးနဲ့ "ဟေ့ စိတ်ထားယုတ်မာတဲ့ ခွေးသတ္တဝါ၊ ကိုယ့်အရှင်သခင်မှာ အန္တရာယ်ကျရောက်တဲ့အခါ ကာကွယ်ပေးဖော်တောင် မရတာလောက် ယုတ်ညံ့တာ ဘယ်မှာရှိတော့မှာလဲ။

"ရှိစေတော့ ငါ့အလုပ် မဟုတ်ပေမယ့် အရှင်သခင်နိုးလာအောင် ငါပဲလုပ်တော့မယ်"ဆိုပြီး သခင်နိုးအောင် တအားကြီး ကျယ်ကျယ်လောင်လောင် အော်လိုက်ပါသတဲ့ကွယ်။

ဖနီးချောကလေးနဲ့ ကလူကျီစယ်ပြီးတဲ့နောက် တအားကြီး အိပ်မောကျနေတဲ့ ခဝါသည်ဟာ မြည်းအော်သံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာနိုးလာပြီး အအိပ်ပျက်သွားတဲ့အတွက် ဒေါသထွက်ကာ အိပ်ရာကထလာပြီး တုတ်တစ်ချောင်းယူကာ 'အော်ဦးဟာ မြည်း' ဆိုပြီး တုတ်ကြီးနဲ့ တအားရိုက်ချလိုက်တာ မြည်းကလေးခမျာ အဲဒီနေရာမှာပဲ အသက် ထွက်သွားပါရောတဲ့ကွယ်"

"ဟယ်. . . မြင်းကလေး သနားစရာကောင်းလိုက်တာနော်"

"အေးဟာ. . . သနားစရာပဲ။ အိမ်ရှင်ခဝါသည်ဟာ ဒါလောက်တောင် မိုက်တွင်းနက်ရသလား"

"ဒီလိုလဲ မပြောကြနဲ့ကွယ့် ခွေးဟောင်ရမယ့်နေရာမှာ မဆီမဆိုင် မြည်းဝင်အော်တော့ သူ့အနေနဲ့ မြည်းဟာ သက်သက် သူ့ကို အနှောက်အယှက် ပေးတယ်လို့ ထင်စရာဖြစ်နေတာပေါ့။ အကြောင်းမှန်သိရင်တော့ ခဝါသည်ဟာ သူ့မြည်းကလေးသူ ဘယ်ရိုက်ရက်ပါ့မလဲ"

"ဒါကြောင့် ကိုယ်နဲ့မဆိုင်တဲ့နေရာမှာ အရမ်းဝင်မလုပ် နဲ့။ အရမ်းဝင် မပါနဲ့ 'ခွေးအလုပ် မြည်းဝင်လုပ်လို့ ဝါးရင်းတုတ် နဲ့ နားရင်းအုပ်ခံရသလို ဖြစ်နေမယ်"ဆိုတဲ့ စကားပုံလေးတောင် ရှိနေတာပေါ့။ သားတို့ သမီးတို့လဲ သတိထားကြနော်"

"ဟုတ်ကဲ့ဦးဦး၊ သတိထားပါ့မယ်"

📖 📖 📖

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကုန်းတိုက်သမားအပါယ်လား

အဲဒီလင်မယားဟာ ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြသတဲ့။

အဲဒီလို နေကြတာကို ဘေးအိမ်က စိတ်ကောင်းမရှိတဲ့ မိန်းမတွေက မနာလိုမရှုစိမ့်ဖြစ်ပြီး အဲဒီလင်မယား အကွဲကွဲ အပြားပြားဖြစ်သွားအောင်လုပ်ဖို့ အခွင့်ကောင်းကို ချောင်းနေ ကြသတဲ့။

"ဒီလိုသူများတွေ ကိုယ်စိတ်ဆင်းရဲအောင် ပျက်စီးအောင် လုပ်တာတော့ မကောင်းဘူးပေါ့နော် ဦးဦး"

"အဲဒီလိုနေကြတုန်း တစ်နေ့ တစ်နေရာမှာ ယောကျ်ား (အညသား)နဲ့ အတွေ့မှာ. . ."

"ဒီမှာရှင့်၊ ရှင့်မိန်းမဟာ စုန်းမ ရှင်သိရဲ့လား"

"ဟာ. . . မဟုတ်တာရုတ်၊ ကျုပ်မိန်းမ ဘယ်ကလာ စုန်းမ ရမှာလဲ။ ကျုပ်မိန်းမ တကယ့်သူတော်ကောင်းမဗျ သိရဲ့လား၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ မဟုတ်တန်းတရားတွေ လာပြောမနေကြနဲ့"

"ရှင်မယုံချင်နေပေ့ါ ရှင် တစ်နေ့ ဒုက္ခရောက်မှာ မြင်လို့ ကျုပ်တို့က လာပြောရတာ၊ ညအစာရှာထွက်တဲ့အခါ ရှင့်ကိုယ်ပေါ် ကျော်ပြီးမှ ထွက်တော့ ရှင်မနိုးတော့ဘူးဒေပ့ါ။ မနိုးတော့ ရှင်ဘယ်သိတော့မလဲ"လို့ ပြောကြသတဲ့။

အဲဒီလိုပြောလိုက်တော့ ယောက်ျားစိတ်ထဲမှာ ငါ့မိန်းမဟာ စုန်းမများ ဖြစ်နေမလားမသိဘူးဆိုတဲ့ ယုံမှားသံသယဖြစ်သွားပြီး သူအိပ်နေတုန်း သူ့မိန်းမ သူ့ကို ကျော်,မကျော် သိချင်နေသတဲ့။

ဘေးအိမ်က အမျိုးသမီးတွေဟာ ယောက်ျားကို အဲဒီလို ပြောပြီး မိန်းမနဲ့တွေ့တဲ့အခါကျတော့ "ဒီမှာအေ့. . . ညည်းယောက်ျားမှာ အမြီးကလေးပါ၊ ဘယ်တော့ သိလား၊ အညာက လာတဲ့လူတွေက ပြောသွားတယ်"

"ကြုံကြုံဖန်ဖန်တော် ကျုပ်ယောက်ျားမှာ အမြီးကလေး ပါတယ်လို့ ကျုပ်နဲ့ပေါင်းလာတာကြာလှပြီ အမြီးကလေးပါတယ်လို့ ကျုပ် မသိပါဘူး"

"ညည်းက စမ်းမှမကြည့်ဘဲ၊ ဘယ်သိမတုန်း၊ သူ့အရပ်ကလူတွေက အသေအချာကို ပြောသွားကြတာ။ မယုံ စမ်းကြည့်ပါလား"လို့ ပြောကြပြန်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါ မိန်းမကလဲ သူတို့ပြောတာ ဂုတ်များ ဟုတ်လေ သလားလို့ ဇဝေဇဝါဖြစ်သွားပြီး သူ့ယောကျ်ားမှာ အမြီးကလေး ပါ,မပါ စမ်းကြည့်ချင်နေသတဲ့။

အဲဒီလို တစ်ဦးနဲ့တစ်ဦး စုန်းမလား၊ အမြီးကလေးပါ သလားနဲ့ မယုံသင်္ကာဖြစ်ပြီး စမ်းကြည့်ဖို့ အခွင့်အခါ ချောင်းနေ ကြတုန်း တစ်ညမှာ ယောကျ်ားအိပ်ချင်ဟန်ဆောင်နေတာကို မိန်းမက သူ့ယောကျ်ား တကယ်အိပ်နေတယ်အထင်နဲ့ အသာ ကုန်းတဲ့ပြီး အစမ်းလိုက်၊ ယောကျ်ားက သူ့မိန်းမ သူ့ကိုကျော် တယ်ထင်ပြီး လန့်ကန်လိုက်တဲ့အတွက် မိန်းမဟာ အင့်ခနဲ လဲကျသွားရာက ထတဲ့ပြီး "ဟဲ့. . . အမြီးပေါက်တဲ့ခွေးမျိုး၊ တိရစ္ဆာန်မျိုး"လို့ ဆဲပါရော။

ယောကျ်ားကလဲ "ဟဲ့ အယုတ်တမာမ၊ စုန်းမ"လို့ ပြန်ဆဲရာက ရန်ပွဲကြီးဖြစ်ပြီး လင်မယား အကွဲကြီး ကွဲကြပါရော တဲ့ကွယ်"

"သာယာတဲ့အိမ်ထောင်ကလေး ပြိုကွဲပျက်စီးသွားတာ ဝမ်းနည်းစရာ သနားစရာပေါ့နော် ဦးဦး"

"နှမြော ဝမ်းနည်းစရာ၊ သနားစရာပေါ့ကွာ"

"အဲဒီလို နှစ်ဦးသားတို့ အချစ်ပြတ်စွဲသွားအောင် ရန် တိုက်ပေးတာကို ကုန်းတိုက်တယ်လို့ ခေါ်တာပေါ့၊ ဒါမျိုး မလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘူးကွယ့်၊ အင်မတန်အပြစ်ကြီးတယ်"

"ငရဲမကြီးဘူးလား"

"ကြီးပြီလားကွာ၊ ဒါလောက် သူတစ်ပါး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အကျိုးနည်းအောင်လုပ်တဲ့ဟာ ငရဲမှ အများကြီးကို ကြီးတာပေါ့"

"ဘယ်လို ငရဲကြီးတယ်ဆိုတာ ဦးဦးပြောပြပါလား"

"အေး. . . အေး ပြောပြမယ်၊ နားထောင်"

တစ်ချိန်မှာ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးဟာ ဂိဇ္ဈကုဋ် တောင်ပေါ်က ဆင်းအလာ တစ်ကိုယ်လုံး အပ်အမွေးရှည်ကြီး တွေပေါက်နေတဲ့ ပြိတ္တာကြီးတစ်ကောင်ကို တွေ့ရသတဲ့။ တိရစ္ဆာန် ရုံထဲမှာတွေ့ရတဲ့ ဖြူကောင်ကြီးလို နေမှာပေါ့ကွာ။

အဲဒီ အပ်အမွေးရှည်ကြီးတွေဟာ ဒီအတိုင်း ငြိမ်မနေ ဘဲ အမြဲတမ်း လှုပ်ရှားသွားလာနေကြသတဲ့။

"အပ်အမွေးကြီးတွေက ဘယ်လိုလှုပ်ရှားနေကြတာလဲ ဦးဦး"

"တချို့အမွေးတွေက ခေါင်းထဲစူးဝင် ကိုယ်ကပြန်ထိုး ထွက်၊ တချို့က မျက်စိထဲစူးဝင် နားကပြန်ထိုးထွက်၊ တချို့က ဝမ်းဗိုက်ထဲစူးဝင် ရင်ဘတ်က ပြန်ထိုးထွက်။ အဲဒီလိုပေါ့ကွာ တစ်ကိုယ်လုံး နေရာအနှံ့အပြားက ပြန်ထိုးထွက်နဲ့ ကွက်လပ်

www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် အပ်အမွေးရှည်ကြီးတွေဟာ စူးဝင်ထိုးထွက်နေကြ သတဲ့။ ဒီတော့ ပြိတ္တာကြီးဟာ တစ်ခဏလေး မျက်စိတစ်မှိတ် စာကလေးလောက်တောင် ချမ်းသာခွင့်မရဘဲ တအားကြီးကို ဆင်းရဲဒုက္ခ ရောက်နေရပါသတဲ့။

ဒီတော့ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးဟာ ဒီပြိတ္တာသတ္တဝါကြီး ဒီလောက်ကြီးမားတဲ့ ဆင်းရဲဒုက္ခ ခံစားနေရတာ ဘယ်လိုမကောင်းမှုမျိုး ပြုလုပ်ခဲ့မိတာကြောင့်ပါလဲလို့ ရှင်တော်မြတ်ဘုရားကို လျှော က်ထားပါသတဲ့။

ရှင်တော်မြတ်ဘုရားကြီးက "ချစ်သား. . . မောဂ္ဂလာန် ဒီပြိတ္တာသတ္တဝါကြီးဟာ ရှေးလူဖြစ်စဉ်ဘဝက ချစ်ခင်နေကြတဲ့ သူနှစ်ဦး အချစ်ပြတ်စဲအောင် ကွဲပြားအောင် ဒါမှမဟုတ်လဲ တစ်စုံတစ်ယောက် အပြစ်ဒဏ်ခံရအောင် ကုန်းတိုက်၊ ရန်တိုက် ခဲ့တဲ့ မကောင်းမှုကြောင့် ဒီလိုပြိတ္တာကြီးဖြစ်ပြီး ဒီလို ဆင်းရဲခြင်း ကို ခံစားနေရတာပဲလို့" မိန့်ကြားတော်မူပါသတဲ့။

"အဲဒါ ကုန်းတိုက်လို့ ငရဲကြီးပုံပါပဲကွာ"

"ဒါကြောင့် သားတို့ သမီးတို့၊ ဒီလို ကိုယ့်ပြန်ဆင်းရဲ ဒုက္ခရောက်စေမယ့် ကုန်းတိုက်တဲ့အလုပ်၊ သူတစ်ပါး အချစ်ပြတ် စဲ ကွဲပြားစေမယ့်အလုပ်ကို ရှောင်ကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဦးဦး"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်အတတ်ကဲ့ယ်စူး

"ဦးဦး ပြောစရာပုံ ကုန်သွားပြီလား၊ ပုံ မပြောတော့ဘူးလား"

"မကုန်ပါဘူးကွယ်၊ ပုံတွေ အများကြီးရှိပါတယ်။ သားတို့ သမီးတို့နဲ့ တော်မယ့်ပုံကလေးတွေ ရွေးနေရတာနဲ့ တစ်ခါတစ်လေ အချိန် ကြာသွားတာပါ"

"အခု ပုံရပလား၊ ရရင် သားတို့ သမီးတို့ နားထောင်ချင်ပြီ"

"အေး. . . ပြောမယ် နားထောင်နော်"

ရှေးရှေးတုန်းက ကျီးနဲ့သမင်တို့ဟာ ချစ်ခင်တဲ့ မိတ်ဆွေတွေဖြစ်ကြပြီး အတူတူနေကြသတဲ့။

အတူနေတယ်ဆိုပေမယ့် ညဘက်မှာသာ ဆုံမိကြ၊ အတူနေကြတာ။ ကျီးက စကားပင်ပေါ်မှာအိပ်၊ သမင်က စကားပင်ကြီးအောက်မှာ အိပ်ကြပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းတဲ့အခါ ကျီးကလဲ သူ့အစားရနိုင်မယ့် နေရာသွား။ သမင်ကလဲ ရေကြည်ရာ မြက်နုရာ သူ့အစာရနိုင်မယ့် နေရာသွားကြတာပေါ့။

အဲဒီလို အစာရှာသွားကြရာ တစ်နေ့မှာ မြေခွေးတစ်ကောင်ဟာ သမင်ကို တွေ့သွား( )သတဲ့။

"ဟော. . . ဒီပုံပြင်ထဲ မြေခွေးပါလာပြန်ပြီ။ ဒီကောင်ပါလာရင် ရှုပ်ဦးတော့မယ်"

"နင်ကလဲ ဒီလို တရားသေကြီး မှတ်မထားနဲ့ဟာ။ ကောင်းချင်လဲ ကောင်းဦးမှာပေါ့"

"ငါတော့ ကောင်းမယ်မထင်ပါဘူးဟာ။ မြေခွေးဆိုတာ ဘယ်တုံးကများ ကောင်းခဲ့လို့လဲ။ ဘယ်နှယ့်လဲ ဦးဦး။ ဦးဦး အကောင် ကောင်းမှာလား"

"ငါ့အကောင် မဟုတ်ပါဘူးကွယ်။ နားထောင်ကြည့်ပေါ့။ ကောင်း/မ( )ာင်း သိရအောင်"

အဲဒီလို တွေ့သွားတော့ မြေခွေးက အား. . . ဝလိုက်တဲ့သမင်ကြီး၊ သူ့အသားကလဲ သိပ်နူးညံ့မှာပဲ။ ဘယ်နည်းနဲ့များ ဒီအသားကို ငါစားရပါ့မလဲ။ အဲ. . . ဟုတ်ပြီ အကြံရပြီ။ သူ့ကိုမ မိတ်ဆွေဖွဲ့မယ်။ နောက်မှ လုပ်စရာရှိတာ ဆက်လုပ်မယ်လို့ ခဲ့စားပြီး သမင်ဆီသွားကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"အဆွေသမင်၊ ကျန်းမာတော်မူပါစ"လို့ နှုတ်ဆက်လိုက်ပါတယ်။ သမင်က "သင်ကဘယ်သူလဲ"လို့ ပြန်မေးတော့ "ကျွန်ုပ်ဟာ မြေခွေးပါ"

"ဒီတောအုပ်ကြီးထဲမှာ အဖော်မိတ်ဆွေတစ်ယောက်မှ မရှိတဲ့အတွက် သူသေလိုပဲ တစ်ယောက်တည်း နေရပါတယ်။ အခု အဆွေသမင်ဆိုတဲ့ မိတ်ဆွေကို တွေ့ရတဲ့အတွက် အသက်ရှင်နေတဲ့ လောကထဲ ပြန်ဝင်ရသလို ဖြစ်သွားပါတယ်။ ဒီနေ့ကစပြီး အဆွေသမင်နဲ့အတူ မခွဲမခွါ အဖော်အဖြစ်နေပါရစေ"လို့ ပြောသတဲ့။

သမင်က ရိုးရိုးကြီးဆိုတော့ "သင်ပြောတဲ့အတိုင်းပါပဲ မိတ်ဆွေ၊ နေကြတာပေါ့"လို့ ပြောသတဲ့။

ဒါနဲ့ ညနေစောင်းကျတော့ သမင်နဲ့မြေခွေးတို့ဟာ သမင်အမြဲနေရာ သစ်ပင်ကြီးရှိရာကို သွားကြသတဲ့။

အဲဒီနေရာမှာ ရောက်နေနှင့်တဲ့ နဂိုမိတ်ဆွေကျီးက သမင်ကို 'သင်နဲ့ပါလာတာ ဘယ်သူလဲ'လို့ မေးတဲ့အခါ သမင်က 'မြေခွေပါ။ ကျွန်ုပ်တို့နဲ့ အတူနေပါရစေလို့ပြောတာနဲ့ ခေါ်လာတာပါ'လို့ ပြောသတဲ့။

ကျီးက မြေခွေးကို နည်းနည်းမှ သဘောမကျတဲ့အတွက် လက်မခံဖို့ပြောပေမယ့် သမင်က နေပါစေအဆွေကျီးရာ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့တွေ ချစ်ချစ်ခင်ခင် အတူတကွ နေကြတာပေါ့လို့ ပြောတာနဲ့ ကျီးဟာ သဘောမကျဘဲ လက်ခံလိုက်သတဲ့။

"သမင်က တကယ်နုံ့တယ်နော်။ မြွေပွေးခါးပိုက်ပိုက် မိမှန်း သူမသိရှာဘူး။ မြေခွေးဆိုတဲ့အကောင်မျိုးဟာ တကယ် မုန်းဖို့ကောင်းတာ"

ဒီလိုနဲ့ အတူလာနေကြရာ မကြာခင်မှာ မြေခွေးဟာ သူ့အလုပ်ကို စလုပ်တော့တယ်။

"ဘယ်လိုလုပ်သလဲ ဦးဦး"

ဒီလိုကွယ့်၊ တစ်နေ့မှာ မြေခွေးဟာ ကျီးသိသွားရင် သူ့အကြံ ပျက်မှာစိုးတာနဲ့ ကျီးမမြင်တဲ့နေရာမှာ သမင်ကို "မိတ်ဆွေ ဒီတောကြီးထဲ တစ်နေရာမှာ အင်မတန်ကောင်းတဲ့ လယ်ကွင်းကြီးတစ်ခု ရှိတယ်။ အဲဒီမှာ သွားအစာစားပါလား ကျွန်ုပ်လိုက်ပြပေးမယ်"လို့ ပြောကာ သမင်ကို ခေါ်သွားပြီး ပြပေးတဲ့အခါ ကောက်ပင်တွေနဲ့စိမ်းညို့နေတဲ့ လယ်ခင်းကြီးမြင်ရတော့ သမင်ဟာ သဘောကျသွားပြီး ဝမ်းမြောက်ဝမ်းသာ ကောက်ပင်တွေ ဝင်စားပါသတဲ့။

သမင်ဟာ အဲဒီနေ့ကစပြီး နေ့တိုင်း စပါးပင်တွေ ဝင်စားတာ လယ်ရှင်သိသွားတာနဲ့ ဒီသမင်တော့ ဖမ်းမှပဲဆိုပြီး လယ်ကွင်းထဲမှာ ကျော့ကွင်းတွေထောင်ပါလေရော။ မကြာပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး သမင်ဟာ လယ်ရှင်ထောင်ထားတဲ့ ကျော့ကွင်းမှာ မိတာပါပဲ။

ဒီအခါ သမင်ဟာ ငါတော့ကျော့ကွင်းမှာ မိနေပြီ။ ဒီသေမင်ကျော့ကွင်းက လွတ်အောင် ငါ့မိတ်ဆွေကြီး ဇမ္ဗူကမြေခွေးမှတစ်ပါး ဘယ်သူမှ တတ်နိုင်မှာမဟုတ်ဘူးလို့ စိတ်ထဲက တမ်းတရှာသတဲ့။

ဒီအချိန်အတွင်းမှာပဲ ဇမ္ဗူကမြေခွေးဟာ သမင်နားရောက်လာ၊ ကျော့ကွင်းမိနေတာကို ရပ်ကြည့်ပြီး အင်း. . . ငါ့လုပ်ငန်းတစ်ဝက်တော့ အောင်မြင်ပြီ။ မကြာခင်မှာပဲ လုံးဝငါ့ဆန္ဒ ပြည့်ဝတော့မယ်။ လယ်ရှင်ခုတ်ပိုင်း လှီးဖြတ်ထားတဲ့ အသားအသွေးတွေ ကပ်ညိနေတဲ့ သမင်ရိုးကို ငါကျကျနန တဝကြီးစားလိုက်ရတော့မယ်လို့ စဉ်းစားကျေနပ်နေသတဲ့။

"ယုတ်ကန်းလိုက်တဲ့ မြေခွေးနော်"

"အေး. . . ဒီလို စဉ်းလဲကောက်ကျစ်တာဟာ မြေခွေးတို့ရဲ့သဘာဝပဲကွယ့်"

သမင်ဟာ မြေခွေးကို မြင်လိုက်တော့ အားတတ်ရွှင်လန်းသွားပြီး "မိတ်ဆွေ၊ ကျုပ်နိုပ်မှာ ဖွဲ့မိနေတဲ့ကျော့ကွင်းကို ကိုက်ဖြတ်ပေးပါ။ ဒီအနှောင်အဖွဲ့ကလွတ်အောင် အမြန်ဆုံးကယ်တင်ပေးပါ"လို့ အားကိုးတကြီးနဲ့ တောင်းပန်ရှာသတဲ့။

ဒီအခါ မြေခွေးဟာ ကျော့ကွင်းကို ခပ်မြန်မြန် လှည့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ကြည့်ပြီး ကျောင်းကွင်းတွေကတော့ အင်မတန်ခိုင်တာပဲ။ ဘယ်လိုမှ ပြတ်နိုင်မှာ မဟုတ်ဘူး။ စိတ်ချရတယ်လို့ စိတ်ကူးလိုက်ပြီး သမင်ကို. . .

"မိတ်ဆွေ၊ ဒီကျောင်းကွင်းတွေဟာ သာမာန်ကျောင်းကွင်းတွေ မဟုတ်ဘူး။ သတ္တဝါတွေရဲ့ အကြောတွေနဲ့ လုပ်ထားတာ။ ဒီတော့ အခုလို တနင်္ဂနွေနေ့ကြီးမှာ ဒီအကြောကြိုးတွေကို ဘယ်သူသွားနဲ့ ထိဝံ့ပါ့မလဲ။ ကိုက်ဖြတ်ဝံ့ပါ့မလဲ"

"မြွေခွေးက ကြီးကျယ်လိုက်တာ။ သူ့တို့မှာ တနင်္ဂနွေနေ့ရယ်လို့ ရှိလို့လား"

"သူတို့အမှတ်အသားနဲ့သူတို့ ရှိလို့ဖြစ်မှာပေါ့ကွာ။ ရှိလို့သာ ပြောတာဖြစ်မှာပေါ့"

မြွေခွေးကဆက်ပြီး "ဘယ်လိုမှ မအောက်မေ့ပါနဲ့ မိတ်ဆွေ၊ မိတ်ဆွေ စိတ်မဆိုးဘူးဆိုရင် ဒီကျောင်းကွင်းတွေကို နက်ဖြန်မနက်လင်းတာနဲ့ တစ်ပြိုင်နက် ကျွန်ုပ်အမြန်ဆုံး ကိုက်ဖြတ်ပေးပါ့မယ်"လို့ ပြောသတဲ့။

"ဒီလောက် သေရေးရှင်ရေး အရေးကြီးနေတဲ့ကြားထဲမှာ စနေ တနင်္ဂနွေ ရွေးနေရသေးတယ်လို့ ဒီမြွေခွေးယုတ်သက်သက်ညစ်တာပဲ ဦးဦး"

"နဂိုထဲက ဒီအနေရောက်အောင် သူက လမ်းကြောင်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာပဲ မဟုတ်လားကွ"

ဒီအခါမှာ သုဗုဒ္ဓိကြီးဟာ အချိန်တန်လို့ သမင်ပြန်မရောက်သေးတာနဲ့ စိုးရိမ်ပြီး ဟိုဟိုဒီဒီ လှည့်လည်ရှာဖွေတဲ့အခါ ကျော့ကွင်းမှာ မိနေတဲ့သမင်ကို စိတ်မချမ်းသာစွာနဲ့ တွေ့မြင်ရတာကြောင့်. . . .

"အဆွေသမင်၊ ဘယ်လိုဖြစ်ရတာလဲ။ ပြောပါဦး"လို့ မေးတဲ့အခါ သမင်က. . . .

"အဆွေမြင်တဲ့အတိုင်းပါပဲ။ ဒါဟာ အကျိုးစီးပွားကို လိုလားတဲ့ အဆွေကြီးရဲ့စကားကို နားမထောင်မိတဲ့ ကျွန်ုပ်ရဲ့ အပြစ်ပါပဲ"လို့ ပြောသတဲ့။

"ဒါဖြင့် သင့်မိတ်ဆွေကြီး မြေခွေးစဉ်းလဲကော ဘယ်မှာလဲ"

"ကျွန်ုပ်အသားကို စားလိုတဲ့အတွက် ဒီအနီးအနားချုံထဲမှာ စောင့်နေပါတယ်"လို့ သမင်က ပြောသတဲ့။

ဒီလိုကြားရတော့ သုဗုဒ္ဓိကြီးဟာ စိတ်ထိခိုက်လှတာကြောင့် အို. . . အရှင်မြေမင်း၊

"ကျေးဇူးပြုလေ့ရှိပြီး မိမိကို ယုံကြည်ကိုးစား၊ ရှိသားစင်ကြယ်သူအပေါ် မငဲ့မကွက်၊ ရက်စက်စွာကြံစည်ပြုမူ ကျေးဇူးတန်းသူ သစ္စာဖောက်အား အဘယ်ကြောင့် အလေးခံကာ

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ထားပါသလဲလို့ မြေကြီးကို တိုင်တည်ပါသတဲ့။

"သမင်တို့ ကျီးတို့ဟာ သနားစရာပဲပေါ့နော်"

"အေး. . . ဟုတ်ပါရဲ့၊ ဒီမြေခွေးယုတ်မာ ရက်စက်လိုက်ပုံများ"

"သားတို့ သမီးတို့က ကြားကနေ ဒေါသထွက်ပြီး ငရဲကြီးမခံကြနဲ့ကွယ့်၊ ဘယ်သူမဆို 'ကမ္မသကာ'ဆိုတဲ့အတိုင်း သူ့အလုပ်က သူ့ကို စီမံသွားမှာပဲ"

အဲဒီလိုနဲ့ မိုးလင်းလာတဲ့အခါ တုတ်ဓားများကိုင်ပြီး လာနေတဲ့လယ်ရှင်ကြီးကိုတွေ့တာနဲ့ ကျီးကကပျာကယာ သမင်ကို ပြောတယ်။

"အဆွေ၊ သင်က သေချင်ယောင်ဆောင်နေပါ။ လေတွေ ပြည့်အောင်ရှူသွင်းပြီး ဗိုက်ကြီးဖောင်းနေအောင် လုပ်ထားပါ။ နောက်ပြီး ခြေလေးဘက်ကိုတန်းပြီး တောင့်တောင့်ကြီး လုပ်ထားပါ။ ကျွန်ုပ်က သင့်မျက်နှာကို နှုတ်သီးနဲ့ထိုးဆိတ်နေပါမယ်။ ကျွန်ုပ်အသံပြုချက်ပေးလိုက်တာနဲ့ ဖြုန်းခနဲ အမြန်ထပြီး တအားကုန်ထွက်ပြေးပါ"လို့ ပြောထားတဲ့အတိုင်း သမင်လုပ်နေသတဲ့။

ဒီအချိန်မှာ လယ်ရှင်ဟာ ရောက်လာပြီး အဲ့အားသင့်ကာ ရွှင်လန်းပြုံးကျယ်တဲ့မျက်လုံးနဲ့ သမင်ကိုကြည့်ပြီး "အား. .

www.burmeseclassic.com



အံ့မယ် သူ့အလိုလိုသေနေပါရောလား။ အကြောက်လွန်လို့နဲ့ တူပါတယ်”လို့ ပြောပြီး ကျော့ကွင်းတွေကိုဖြုတ်ကာ တစ်နေရာ ကိုယူပြီး အေးအေးဆေးဆေး သိမ်းဆည်းနေတုံး ကျီးကအချက် ပေးလိုက်တာနဲ့ သမင်ဟာ ဖြုန်းခနဲထ အမြန်ဆုံးထွက်ပြေးသွား တဲ့အတွက် လယ်ရှင်ဟာ ရုတ်တရက်မို့ အံ့အားသင့်ပြီး ကြောင် တက်တက်ကြီးဖြစ်နေရာက သတိရလာပြီး စိတ်ဆိုးဆိုးနဲ့ သူ့မှာ ပါလာတဲ့တုတ်ကြီးနဲ့ သမင်ကိုတအား ပစ်ပေါက်လိုက်တာ. . .

သမင်ကိုမထိဘဲ သမင်ရိုးကိုက်မယ့်အကြံနဲ့ ချုံထဲမှာ ပုန်းကွယ်စောင့်နေတဲ့မြေခွေးကို တိုက်ရိုက်ကြီးမှန်လိုက်တာ မြေခွေးဟာ အော်တောင်မအော်နိုင်တော့ဘဲ တစ်ချက်တည်း အသက်ထွက်သွားပါရောတဲ့ကွယ်”

“ကောင်းလိုက်တာ ဦးဦးရယ်။ ဝမ်းသာလိုက်တာ၊ မြေခွေးဟာ သူ့အတတ်နဲ့သူစူး၊ နှုတ်လို့ရနိုင်ဘူးဆိုတာလို ဖြစ်သွားတာပေါ့နော်”

“ဟဲ့. . . ဟဲ့ အဲဒီလို သူတစ်ပါး ဒုက္ခဖြစ်တာကို ဝမ်းမသာ ရဘူးကွယ့်။ သူ့အလုပ် ကိုယ့်အလုပ် ဖြစ်တတ်တယ်။ ငရဲကြီး တတ် တယ်။ သနားကရုဏာဖြစ်ရတယ်ကွယ့် မှတ်ထားကြ ကြားလား”

“ဟုတ်ကဲ့ပါ ဦးဦး”

📖 📖 📖

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချွေတာလွန်သော မြေခွေး

"ဦးဦးရဲ့ ဟော် ဖိုးပိန်ဟာ သိပ်နှမြောတတ်၊ ကပ်စေးနည်းတာပဲ။ စားစရာ၄ စံခုခုရှိရင် ဘယ်တော့မှ ဝအောင်မစားဘူး။ ချန်ချန်ထားပြီး နည်းနည်းမဝ,တဝပဲ စားတယ်။ ဒါကြောင့် သူ့ကြည့်ပါလား။ ပိန်ကပ်နေတာပဲ"

"အံမာ နင်ဘာနားလည်လို့လဲ၊ ချွေတာရေးဟာ၊ ချွေတာရေး၊ တို့ဦးလေးများဆို သရက်သီးမှည့်တစ်လုံးကို လေးရက်ထားပြီး စားတယ်"

"ဟင်. . . ဒါဆို လွန်တာပေါ့နော် ဦးဦး၊ လူကြားလို့တောင် မကောင်းဘူး"

"မလွန်နဲ့ အဟုတ်ပြောတာ၊ နင်တို့ကျတော့ မဟုတ်ပေါင်။ စားစရာတွေ့ရင် အဝအပြဲ နင်းကန်စား၊ ချွေတာရေးလဲ နားမလည်"

"ဦးဦး ကြည့်ပါလား၊ ဒီမိစ္ဆာတို့ကို၊ သူတို့ကိုယ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ခါးတုတ်တုတ်နဲ့ ပုပ်လုံးလို ဖြစ်နေတာ"

"အဲ. . . အဲ. . . ချွေတာလွန်းတော့လဲ မကောင်းဘူးကွယ့်၊ ဘေးဖြစ်တတ်တယ်။ ဝရုံထက် ပိုစားလဲ အတူတူပဲ၊ ဘေးဖြစ်တတ်တယ်"

"ပိုက်ဆံကုန်မယ်၊ စားပိုးနင့်ပြီး အန်မယ်၊ ဗိုက်နာမယ်၊ အဆီပိတ်ပြီး သွေးတိုးရောဂါ၊ နှလုံးရောဂါ စသည်တွေဖြစ်မယ် ပေါ့ကွာ"

"သတင်းစာတွေ မဂ္ဂဇင်းတွေထဲမှာ ပညာရှင်တွေက ဒီအကြောင်းတွေ ပညာပေးရေးသား သတိပေးကြတယ်။ အဲဒါတွေလဲ ဖတ်မှတ်လိုက်နာရမယ်ကွယ့် ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးဦး၊ ဒါထက် ချွေတာလွန်းတော့ ဘယ်လိုဘေးဖြစ်တတ်တာလဲ၊ အဲဒါလဲ ပြောပြပါဦး"

"အေး. . . အေး. . . ချွေတာလွန်းလို့ ဘေးဖြစ်ရတဲ့ပုံကလေးတစ်ခု ပြောပြမယ်"

"ရှေးရှေးတုန်းက တောရွာတစ်ရွာမှာ 'ဘေရဝ'ခေါ်တဲ့ မုဆိုးကြီးတစ်ယောက်ရှိတယ်"

"ဟင်. . . မုဆိုးကြီးနာမည်က 'ဘေရဝ'တဲ့ နံ(နာ)မည်က ကြောက်စရာကြီးနော်"

"အေး. . . ဟုတ်တယ်ကွယ့်။ 'ဘေရဝ'ဆိုတဲ့ စကားလုံး

www.burmeseclassic.com



ကလဲ ကြောက်စရာကြီးဆိုတဲ့ အဓိပ္ပါယ်ရတာပဲ။ တောလိုက်မုဆိုးကြီးဆိုတော့ ကြောက်စရာ စိတ်ကြမ်း လူကြမ်းကြီးပဲ ဖြစ်မှာပေါ့ကွယ့်"

"မုဆိုးကြီးဟာ တစ်နေ့မှာ သူ့လက်စွဲတော်လေးကြီးယူပြီး တောအုပ်တစ်ခုဝင် အမဲလိုက်တဲ့အခါ သမင်တစ်ကောင်ရတာနဲ့ သမင်ကလေးထမ်းပြီး အိမ်ပြန်အလာမှာ ကြောက်စရာကောင်းတဲ့တောဝက်ကြီးတစ်ကောင်နဲ့ ရင်ဆိုင်တိုးမိပါရောတဲ့"

"ဒီတော့ မုဆိုးကြီးဟာ ကြောက်တာနဲ့ ထွက်ပြေးရောလား"

"ဟဲ့. . . ဘယ်ပြေးမလဲ။ ဝက်လောက်ကိုကြောက်ရင် ဘယ် မုဆိုးလုပ်ပါ့မလဲ။ မုဆိုးဆိုတာ ဆင်လဲမကြောက်၊ ကျားလဲမကြောက်၊ ဘာကောင်မှ မကြောက်ဘူး။ နိုင်မယ်မထင်ရင် အသာရှောင်နေပြီး နိုင်မယ်ထင်ရင် တိုက်ခိုက်တာပဲ"

"အဲဒီလို တောဝက်ကြီးကို တွေ့တဲ့အခါ မုဆိုးကြီးဟာ ကျောပိုးထမ်းယူလာတဲ့ သမင်ကို မြေကြီးမှာ ကပျာကယာချပြီး တောဝက်ကြီးကို လေးနဲ့ (မြားနဲ့) ပစ်လိုက်ပါသတဲ့"

"အဲဒီလို ပစ်လိုက်တဲ့အခါ ဝက်ကြီးဟာ ကမ္ဘာပျက်မိုးကြီးရွာတဲ့အသံလို ကြမ်းတမ်းဆိုးရွားတဲ့ အသံကြီးနဲ့ တဝှီးဝှီးအော်ပြီး ပြေးလာကာ မုဆိုးကြီးရဲ့ ဝှေးစေ့ကို သူ့အစွယ်ကောကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိုးကော်ပက်လိုက်တာ မုဆိုးကြီးဟာ အရင်းကပြတ်သွားတဲ့ သစ်ပင်လို ဘိုင်းဘိုင်းလဲကျ သေဆုံးသွားပါရောတဲ့ကွယ်"

"ကြံကြံဖန်ဖန်နော် ဦးဦး၊ ဝက်ကြီးက ဒီနေရာကိုမှ ထိုးပက် ရတယ်လို့"

"အေးကွယ့်၊ ဝက်ပက်လို့ရှိရင် ဒီနေရာကိုပဲ ပက်တာ များတယ်လို့ ပြောကြတယ်"

"ဘာဖြစ်လို့လဲ ဦးဦး"

"အဲဒီလို အပစ်ခံရတော့ ဝက်ဟာ ဒေါသတွေတအား ထွက်ကာ ပစ်တဲ့လူဆီကို တန်းတန်းမတ်မတ်ပြေးလာပြီး လူရှေ့ တည့်တည့်ကနေ ပက်တော့ ဒီနေရာဟာ သူ့ပါးစပ်နဲ့ သူ့အစွယ် နဲ့ အံကိုက်ဖြစ်နေလို့ပေါ့ကွယ်။ ဒါကြောင့် မုဆိုးကြီးဟာ ဝက်ကို သေနတ်နဲ့ဖြစ်စေ၊ တစ်ခုခုနဲ့ပစ်ပြီးရင် ပစ်တဲ့နေရာမှာ မနေတော့ ဘဲ တစ်ခြားတစ်နေရာကို ကပျာကယာ ရွှေ့နေလေ့ရှိတယ်လို့ ပြောကြတယ်။

"အဲဒီလို မုဆိုးကြီးနဲ့ဝက်တို့ လုံးထွေးသတ်ပုတ်ကြရာ မှာ ခြေနဲ့အနင်းခံရတာကြောင့် ကံဆိုးတဲ့မြွေတစ်ကောင်ဟာ သေသွားပြန်ပါရောတဲ့ကွယ်"

"ဟင်. . . ကြံကြံဖန်ဖန် ဖြစ်တတ်တယ်နော် ဦးဦး"

"အေး. . . ဒါ့ထက်အံ့သြစရာကောင်းတာကို မင်းတို့

www.burmeseclassic.com



ကြားရဦးမယ်"

"ပြောပါ ဦးဦး၊ ကျွန်တော်တို့ နားထောင်ချင်တယ်"

"အဲဒီလို မုဆိုးရယ်၊ သမင်ရယ်၊ ဝက်ရယ်၊ မြွေရယ် လေးဦးသား စုပုံသေနေတဲ့နေရာကို 'ဒီဃရာဝ. . . အူကြောရှည်' ခေါ်တဲ့ မြေခွေးတစ်ကောင်ဟာ အစာရှာရင်းနဲ့ရောက်လာပြီး အဲဒီဟာတွေကို တွေ့ရပါလေရော"

"ဒီမြေခွေးဟာ သိပ်ကံကောင်းတယ်နော် ဦးဦး၊ သူ့အတွက် နည်းတဲ့အစားအစာတွေ မဟုတ်ဘူး။ အကြာကြီး စားပါလေရော"

"အေးကွယ့် မြေခွေးကလဲ အဲဒီလိုတွက်တာပဲ။ ဒါပေမယ့် သူ့ကံကောင်းပုံက 'နက်ဖြန်ရှင်ဘုရင် ဖြစ်မယ်။ ဒါပေမယ့် ဒီနေ့ သေမယ်'ဆိုတဲ့ ကံမျိုးကွယ့်"

"ဘယ်လိုလဲ ဦးဦး၊ ပြောပါဦး"

"အေး. . . ပြောရတာပေါ့ကွယ်၊ နားထောင်"

"အဲဒီလိုမြင်တဲ့အခါ မြေခွေးဟာ အသေကောင်တွေကို လှည့်ပတ်ကြည့်ရှုပြီး ဟား. . . ငါဟာ တကယ့်ကို ဘုန်းကံကြီး ပါလား။ ငါ့အတွက် ဘာမှမလုပ်ရဘဲနဲ့ ဖြစ်လာတဲ့ စားစရာတွေ ဟာ အများဆို အများကြီးပါပဲလား။ ဒီသတ္တဝါတွေရဲ့ အသား တွေဟာ ငါ့အတွက် သုံးလကျော်ကျော်စာတွေ ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖူလုံတာပဲ။

"လူကောင်က တစ်လစာ လုံလောက်မယ်"

"သမင်နဲ့ဝက်တို့က နှစ်လစာတော့ အေးအေးလေးပဲ"

"မြွေကလဲ တစ်နေ့စာတော့ရမှာ သေချာတယ်"

"ရှိစေတော့၊ 'ဒ ၁မှစား ဆားနဲ့ကောင်း' ဆိုတဲ့အတိုင်း ဆာနေတုန်းဆို ဘာမဆို စားလို့ကောင်းတာချည်းပဲ။ ဒီတော့ ခုလိုဆာနေတုန်းမှာ အင်မတန်ကောင်းတဲ့ လူသား၊ ဝက်သား၊ သမင်သားတွေ အသာထားလိုက်ပြီး အကြောတွေနဲ့ ကျစ်ထားတဲ့မုဆိုးရဲ့လေးက လေးကြိုးကြီး ဒီတစ်နေ့စာ အဆာပြေ စားပြီး ဗိုက်ဖြည့်ထားလိုက်မယ်လို့ စိတ်ကူးပြီး လေးကိုင်းမှာ တပ်ထားတဲ့လေးကြိုးကြီးကို သွားရည်တမြားမြားနဲ့ ဝါးရင်းစား နေပါသတဲ့"

"အဲဒီလို လေးကြိုးကြီးကို ဝါးရင်းဝါးရင်းနဲ့ စားနေတုန်း ဖြုန်းခနဲဆို လေးကြိုးကြီးဟာ ပြတ်သွားပြီး လေးကိုင်းရဲ့တစ်ဘက်စွန်းဟာ ကန်ထွက်လာတာ မြေခွေးရဲ့ရင်ဘတ်ကို တအားကုန်ရိုက်လိုက်တာ မြေခွေးဟာ အော်ချိန်တောင်မရလိုက်ဘဲ တစ်ချက်တည်း အဲဒီနေရာမှာ လဲကျသေဆုံးသွားပါရော့ကွား"

"ဟုတ်ပါရဲ့နော် ဦးဦး၊ ဒီမြေခွေးဟာ နှမြောလွန်းအားကြီးလို့ ရမယ့်လာဘ်ကြီးနဲ့ လွဲပြီး အသေးဆိုးနဲ့ သေရပြင်ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဒါကြောင့် နှမြောလွန်း၊ ချွေတာလွန်းတော့လဲ ဘေးဖြစ်တတ်တယ်လို့ ဦးဦးပြောတာ သဘောပေါက်ကြပြီပေါ့နော်"

"ဟုတ်ကဲ့ပါ ဦးဦး၊ သဘောပေါက်ကြပါပြီ"

"ကဲ. . . ကဲ. . . သားတို့ သမီးတို့ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက် ဗဟုသုတ တိုးတက်ကြပါစေ"

"ဦးဦးပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

📖 📖 📖

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မြေခွေးမာနနဲ့ အမဲခြောက်ပုံပြင်

“ဘာတွေ ပြောနေကြတုန်းကွယ့်၊ သားတို့ရဲ့”

“အမဲခြောက်ဖုတ် ဆီဆမ်းနဲ့ ထမင်းစားရတာ၊ ကောင်းတဲ့အကြောင်း ပြောနေတာပါ ဦးဦး”

“အေး ဟုတ်တယ်ကွယ့်၊ ခုလိုနေပူတဲ့အခါ အရိပ်ကောင်းကောင်းမှာ အမဲခြောက်ဖုတ် ဆီဆမ်းကလေးနဲ့ ရေနွေးကြမ်းကလေးသောက်နေရင် ချွေးကလေး တစိုစိုနဲ့ ကိုယ်သားကိုယ်ရေအေးပြီး ကျန်းမာရေး သိပ်ကောင်းတာပေါ့ကွာ”

“ဟာ. . . ဦးဦးကလဲ ဒီလိုပူတဲ့အခါ ကြံရည်တို့ ရေခဲချောင်းတို့ ဆဲဗင်းအပ်တို့ စတားတို့ ဘာတို့ကို ရေခဲကလေးနဲ့သောက်လိုက်ရမှ ဇိမ်ကျမှာပေါ့ ဦးဦးရဲ့”

“အေး. . . ဇိမ်ကျတာတော့ ဟုတ်ပါရဲ့၊ အဲဒါတွေကချောင်းဆိုးတာတို့၊ ချွဲကြပ်တာတို့၊ အပူငုပ်ဖျားတာတို့ ဖြစ်တတ်တာကိုလဲ သတိထားရမယ်ကွယ့်”

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး သမီးတို့ ပုံပြင်နားထောင်ချင်သေးတယ်"

"အေး. . . အေး. . . နားထောင်ရမှာပေါ့ကွယ်၊ ဘာပုံများ ပြောရပါလိမ့်၊ အဲ. . . သိပြီ ပြောပြမယ်။ အမဲခြောက်ပုံကွယ့်"

"ဟင်. . . ဦးဦးကလဲ ကြံကြံဖန်ဖန် အမဲခြောက်ပုံရယ်လို့"

"နင် ဘာသိလို့လဲ ဦးဦးပြောတာကိုပဲ နားထောင်ကြည့်ပါဦး"

"ကဲ. . . ကဲ. . . နားထောင်ကြကွယ့်၊ ပြောပြမယ်"

"ဟိုရှေးရှေးတုန်းက ဗာရာဏသီမင်းရဲ့ဆရာ အမတ်ကြီးဟာ မြေပြင်ပေါ်မှာရှိတဲ့ ရန်သူတွေကို အောင်မြင်စေတတ်တဲ့ ပထဝီဇယမန္တန်ကို တတ်သတဲ့။

"တစ်နေ့မှာ အမတ်ကြီးဟာ သူများမကြားစေရန် လူသူဝေးရာ ကျောက်ဖျာတစ်ခုပေါ်မှာ ကြေညက်အောင် မန္တန်ကို ရွတ်ဆိုနေတယ်။ ဒါကို ကျောက်ဖျာအနီး တွင်းတစ်ခုထဲမှာ ဝင်နေတဲ့မြေခွေးတစ်ကောင်က ကြားတဲ့အခါ လိုက်နားထောင်ပြီး မှတ်သားလိုက်တာ အလွယ်တကူပဲ ဒီမန္တန်ကို အလွတ်ရသွားသတဲ့"

"မြေခွေးက မန္တန်ကို ခဏကလေးနဲ့ အလွယ်တကူရသွားတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား ဦးဦး"

"အေး. . . သားသား မေးမယ်ဆိုလဲ မေးစရာပါ။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒီမြေခွေးဟာ ရှေးဘဝက ဒီမန္တန်ကိုတတ်တဲ့ပုဏ္ဏား ဖြစ်ခဲ့ဖူးသတဲ့ကွယ့်၊ ဒါကြောင့် ရတာတဲ့။

"အမတ်ကြီးဟာ မန္တန်ကိုရပြီးဆိုပြီး ထသွားမယ်အလုပ် မြေခွေးက တွင်းထဲကထွက်ပြီး အို ယောက်ျား၊ ဒီမန္တန်ကို ငါက သင့်ထက်ပိုရတယ်လို့ပြောပြီး ထွက်ပြေးတဲ့အခါ. . ."

"အမတ်ကြီးဟာ ဒီမြေခွေးဟာ မကောင်းတာတွေ အကုန်လျှောက်လုပ်တော့မှာပဲဆိုပြီး ဖမ်းကြ ဖမ်းကြ မြေခွေးဆိုးကို ဖမ်းကြလို့အော်ပြီး နောက်ကပြေးလိုက်ပေမယ့် မမီလိုက်တော့ဘဲ မြေခွေးဟာ တောထဲကို ပြေးဝင်သွားပါရောတဲ့ကွယ်"

"နောင်အခါ မြေခွေးဟာ ပထဝီဇယန္တန်ကို ရွတ်ဆိုကာ မြေခွေးများကို အရာရှိကြီးငယ်ခန့်ပြီး ဆင်၊ မြင်း၊ ခြင်္သေ့၊ ကျားဝက်အစရှိတဲ့ အခြေလေးချောင်းသတ္တဝါတွေကို သူ့အခြံအရံအဖြစ်ထားကာ သဗ္ဗဒါဌ်မင်းဆိုတဲ့အမည်ကို ခံယူကာ မြေခွေးမိဖုရားနဲ့အတူ ဆင်နှစ်ကောင် ကျောက်ကုန်းပေါ်မှာတည်နေတဲ့ ခြင်္သေ့ပေါ်မှာ စီးနေပါသတဲ့"

"အံမာ မြေခွေးက ကြီးကျယ်နေလိုက်တာ ငါသာခြင်္သေ့တို့ ဆင်တို့ဖြစ်မယ်ဆိုရင် သူ့အစီးမခံဘူး ခြေနဲ့နင်းသတ်ကိုက်သတ်ပစ်လိုက်မှာ"

"ဒါက သူ့အစွမ်းသတ္တိမှ မဟုတ်ဘဲ၊ မန္တန်ရဲ့အစွမ်းသတ္တိ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူ့ကို ဘယ်လုပ်လို့ရမလဲ"

"အဲဒီလို အခြံအရံတွေနဲ့ ကြီးကျယ်လာတော့ မြေခွေးဟာ မာန်တွေတက်ပြီး 'ခွေးစော်နံရုံနဲ့အားမရ လူစော်တက်ပြီး နံချင်ပြန်တဲ့အတွက်' ဗာရာဏသီပြည်ကို သိမ်းယူအုပ်စိုးမယ်ဆိုပြီး ဆင်၊ မြင်း၊ ခြင်္သေ့၊ ကျား၊ ဝက် အစရှိတဲ့ အခြေလေးချောင်း သတ္တဝါစစ်သည်ဗိုလ်ပါပေါင်းများစွာနဲ့ ဗာရာဏသီပြည်ကိုဝန်းရံပြီး မြို့ကိုပဲ ပေးမလား၊ စစ်ကိုပဲတိုက်မလားလို့ ရင်ဘုရင့်ထံ ရာဇသံပေးတဲ့အခါ. . ."

မင်းနဲ့တကွ မြို့သူမြို့သားတွေဟာ သိပ်ကြောက်ကြပြီး မြို့တံခါးကို လုံအောင်ပိတ်နေကြတဲ့အခါ မင်းဆရာအမတ်ကြီးက အရှင်မင်းကြီး ဒီကိစ္စအတွက် စိုးရိမ်တော်မပူပါနဲ့။ ကျွန်တော်မျိုး ကိစ္စပြီးအောင် စီမံပါ့မယ်လို့ မင်းစိတ်သာအောင်ပြောပြီး မြို့တံခါးပေါ် တက်ကာ. . .

"ဟေ့. . . သဗ္ဗဒါဌ်၊ မင်းငါ့မြို့ကို ဘယ်လိုတိုက်သိမ်းမှာလဲလို့ မေးတဲ့အခါ. . ."

"သဗ္ဗဒါဌ်က အလွယ်လေးပါကွ၊ ခြင်္သေ့တွေကို အဟောက်ခိုင်းပြီး လူတွေအကြောက်လွန် သေအောင်လုပ်ပြီး မြို့ကိုသိမ်းမှာပဲပေါ့လို့ ပြောသတဲ့"

"မြေခွေးရဲ့နည်းပရိယာယ်ကိုသိတာနဲ့ အမတ်ကြီးဟာ

www.burmeseclassic.com

www.burmeseclassic.com



လူတွေရော တိရစ္ဆာန်တွေပါ ခြသေ့်ဟောက်သံမကြားရအောင် နားတွေပိတ်ထားစေပြီး မြေခွေးဆီပြန်သွားကာ ဟော့. . . သဗ္ဗဒါဋ္ဌ၊ မင်းလိုအမျိုးယုတ်တဲ့ မြေခွေးကခိုင်းတာကို မြင့်မြတ်တဲ့ ကေသရာဇာခြသေ့်မင်းတွေက ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးလို့ ပြောလိုက်တဲ့အခါ. . . ”

မြေခွေးဟာ မာန်မာနတွေနဲ့ မခံချင်ဖြစ်လာပြီး ဟော့. . ဒီမှာကြည့် ဒို့ပြင်ခြသေ့်တွေအသာထား အခု ငါစီးထားတဲ့ခြသေ့်ကိုပဲ အဟောက်ခိုင်းပြမယ်လို့ပြောပြီး သူစီးထားတဲ့ခြသေ့်ကို အဟောက်ခိုင်းတာနဲ့ ခြသေ့်ဟာ အသံကျယ်ကြီးနဲ့ သုံးကြိမ် ဟောက်လိုက်တာ. . .

“ခြသေ့်အောက်က ဆင်တွေကြောက်လန့်လူပ်ရှား ဝရုန်းသုံးကားဖြစ်ကုန်တာနဲ့ မြေခွေးဟာဆင်တွေခြေရင်း လိမ့်ကျပြီး ဆင်အနင်းခံလိုက်ရတာ မှုန့်မှုန့်ကို ကြေညက်သွားပါရောတဲ့ကွာ”

“ကောင်းလိုက်တာဦးဦးရယ်၊ ကိုယ့်ရှူးကိုယ်ပတ်ပြီး ဖိနပ်လို ဆင်ခြေဖဝါးမှာ ပြားရှုံသာမက မှုန့်မှုန့်ကိုကြေညက်သွားတာပေ့ါနော်”

“အေး မာန်မာနတွေတောင်၊ ကိုယ်နဲ့မတန်တဲ့ အဆောင်အယောင်တွေ မက်မောသူတွေရဲ့ သွားရာလမ်းဟာ ဒါပဲဆိုတာ သင်ခန်းစာယူဖို့ပဲပေ့ါကွာ”

“ဦးဦး ပုံပြင်ဟာ ပြီးပြီလား၊ အမဲခြောက်အကြောင်းလဲ

www.burmeseclassic.com



မပါပါလား။ အဲဒါလဲ ကျွန်တော်တို့ သိချင်သေးတယ်"

"ပုံပြင်က မဆုံးသေးဘူးကွယ့်၊ လာပါလိမ့်မယ်၊ ဆက်နားထောင်ပါဦး"

"အဲဒီအခါ ခြင်္သေ့မှတစ်ပါး အခြားတိရစ္ဆာန်တွေဟာ ခြင်္သေ့ဟောက်သံကို ကြောက်လန့်ပြီး ဗရမ်းဗတာပြေးကြရာမှာ အချင်းချင်းတိုးဝှေ့တိုက်ခိုက်နင်းချေပြီး သေလိုက်ကြတာ မြင်မကောင်း ရှုမကောင်း တောင်ပုံရာပုံ ဖြစ်နေပါသတဲ့။

"ဒီတော့မှ မင်းဆရာအမတ်ကြီးဟာ မြို့တံခါးကိုဖွင့်ပြီး မြို့သူမြို့သားတွေကို မြို့ပြင်ထွက်စေကာ အသားတွေ အယူခိုင်းပြီး စားသောက်စေပါသတဲ့။ စားလို့ မကုန်တဲ့အသားတွေကို အခြောက်လှန်းပြီး အမဲခြောက် လုပ်စေလိုက်ပါတယ်။

"အဲဒီအချိန်ကစပြီး အမဲခြောက်ပေါ်လာတယ်လို့ ဆိုပါတယ်။ ဒါဟာ အမဲခြောက် စတင်ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းလို့လဲ ဆိုနိုင်တာပေါ့ကွာ"

"ဗဟုသုတအဖြစ် မှတ်စရာတစ်မျိုး တိုးတာပေါ့၊ ဟုတ်ဘူးလား"

"ဟုတ်ကဲ့ပါ ဦးဦး"

ဒုကနိပါတ်၊ သဗ္ဗဒါဌိဇာတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သားနာ့မည်ဆန်းကြောင့်
## အဖကိုယ်တစ်ဝက် မီးလောင်ခံရခြင်း

"ဦးဦး သားတို့ သမီးတို့ ရောက်ကြပြီ"

"အေး. . . အေး. . . ဦးဦးကလဲ အဆင်သင့်စောင့်နေပါတယ်ကွာ"

"မင်းတို့တစ်တွေ မောလာကြတယ်ထင်တယ်၊ ဟောဒီမှာ ရေအေးအေးကလေး တစ်ခွက်စီလောက် သောက်လိုက်ကြပါဦး"

"ရေခဲရေလား ဦးဦး"

"မဟုတ်ဘူးကွယ့်၊ ရိုးရိုးရေသန့်သန့်ကလေးပဲ။ ရေခဲရေတို့ ရေခဲချောင်းတို့ဆိုတာတွေက သိပ်မကောင်းဘူးကွယ့်။ လူတိုင်းနဲ့ သိပ်မတည့်တတ်ဘူး။ မသောက်ဘဲနေနိုင်ရင် ကောင်းတယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

"ကဲ. . . ကဲ. . . နားထောင်ကြ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ခုမှာ ပဏ္ဍိတ ပညာရှိနဲ့ အတိပဏ္ဍိတ အလွန်ပညာရှိဆိုတဲ့ ကုန်သည်နှစ်ယောက် ရှိကြသတဲ့"

"သူတို့ဟာ တစ်ချိန်မှာ စပ်တူကုန်ရောင်း ကုန်ဝယ်လုပ်ကြပြီး အမြတ်အစွန်းတွေ အတော်ရတာနဲ့ ခွဲဝေယူဖို့ လုပ်ကြပါသတဲ့"

"ဒီအခါ အတိပဏ္ဍိတက ကျုပ်ကနှစ်ပုံယူမယ်လို့ ပြောသတဲ့"

"ဒီတော့ ပဏ္ဍိတက မဟုတ်တာဗျာ။ အရင်းအနှီးအတူတူ ကျွဲနွားအတူတူ၊ လှည်းအတူတူ၊ အတူသွား၊ အတူလာ၊ အတူလုပ်ကြတာပဲမဟုတ်လား။ ဒီတော့ အမြတ်ကို အညီအမျှ ခွဲယူသင့်တာပေါ့။ ဘယ်နှယ့်ကြောင့် ခင်ဗျားက နှစ်ပုံ နှစ်ဆယူမယ်လို့ ပြောရတာလဲလို့ မေးသတဲ့"

"ဒီအခါ အတိပဏ္ဍိတက ခင်ဗျားပြောတဲ့အတူတူဆိုတာတွေ မှန်ပါတယ်။ ဒါပေမယ့် ခင်ဗျားနာမည်က ပဏ္ဍိတ=ပညာရှိ လောက်သာဖြစ်တယ်။ ကျုပ်နာမည်က အတိပဏ္ဍိတ=အလွန်ပညာရှိလို့ ဆိုတယ်။ ဒါကြောင့် ကျုပ်က နှစ်ဆရသင့်တယ်လို့ ပြောတာပါလို့ ဆိုသတဲ့"

"ဒီတော့ ပဏ္ဍိတက ခင်ဗျားအဆိုကို ကျုပ်လက်မခံနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နာမည်က အတိပဏ္ဏိတဆိုရုံနဲ့ နှစ်ဆ ရရမယ်ဆို မဖြစ်နိုင်ပါဘူး။ အလုပ်နှစ်ဆတိုးလုပ်လို့ ဒါမှမဟုတ် အရင်းအနှီး နှစ်ဆတိုးထည့်လို့ ဒါမှမဟုတ် ခင်ဗျားအကြံဉာဏ်တွေကြောင့် အမြတ်အစွန်းတွေအများကြီး ပိုရလို့ဆိုရင် ဟုတ်သေးတာပေါ့။ အခု ဒီလိုမှ မဟုတ်ဘဲလို့ ပြောသငေ့ဲ"

"ဟုတ်တာပေါ့ ဦးဦးနော်၊ နာမည်ဆိုတာ ကိုယ်ကြိုက်သလို စိတ်ကူးယဉ်ပြီး မှည့်ချင်သလို မှည့်နိုင်တာပဲ"

"ဟုတ်တယ် ဦးဦးနော်။ သားတို့အိမ်နားက သက်ရှည်ဆိုတဲ့ သားသူငယ်ချင်းဟာ ဆယ့်ခြောက်နှစ်တောင် မပြည့်သေးဘဲ သေသွားတာပဲ"

"သမီး သူငယ်ချင်း မချစ်ပုံဆိုလဲ မာနကြီးလွန်းလို့ ဘယ်သူမှ သူ့ကိုမခင်ကြဘူး"

"အေး. . . ဟုတ်တယ်။ သားတို့ သမီးတို့ အဲဒါ သဘောပေါက်ဖို့လိုတယ်။ နာမည်ကို ကိုယ့်အခြေအနေ ကိုယ့်လူမျိုး။ စရိုက်၊ ဘာသာအစဉ်အလာနဲ့ လိုက်လျောညီထွေ မှည့်တာ အကောင်းဆုံးပါပဲကွယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

"အဲဒီလို အငြင်းပွား စကာများနေတဲ့အခါ အတိပဏ္ဏိတက အကြံတစ်ခုစဉ်းစားပြီး ဒီမှာကိုပဏ္ဏိ. . . အခုကျုပ်တို့ အမြတ်

www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေးရေးမှာ ညှိနှိုင်းလို့မရ ဖြစ်နေတယ်။ ဒီတော့ ရွာဦးက သစ်ပင်ကြီးမှာရှိတဲ့ နတ်မင်းကြီးကို ဆုံးဖြတ်ခိုင်းမယ်။ အဲဒီအတိုင်း ကျုပ်တို့ လုပ်ကြမယ်။ ခင်ဗျား ဘယ်လိုသဘောရသလဲလို့ မေးတဲ့အခါ. . ."

"ပဏ္ဍိတက ခင်ဗျားကောင်းတယ်ထင်ရင် လုပ်ပေါ့လို့ ပြောလိုက်ပါသတဲ့"

"ဒါနဲ့ အတိပဏ္ဍိတဟာ ကပျာကယာ အိမ်ကိုပြန်သွားပြီး သူ့အဖေကြီးကို 'ကျွန်တော်တို့ မကြာခင် အဲဒီသစ်ပင်ကြီးဆီကို လာပြီး မေးမယ်။ ဒီအခါ အဖေက နတ်ကြီးယောင်ဆောင် အသံဖျက်ပြီး အတိပဏ္ဍိတက နှစ်ဆရသင့်တယ်လို့ ပြောပါ'လို့ ကြိုတင်မှာထားတာနဲ့ သူ့အဖေကြီးဟာ အောက်ခြေကနေ အထက်ဖျားအထိ အခေါင်းကြီးဖြစ်နေတဲ့ ရွာဦးက သစ်ပင်ခေါင်းကြီးထဲ သွားဝင်နေရပါသတဲ့"

"ဒီအခါ ပဏ္ဍိတနဲ့ အတိပဏ္ဍိတတို့ဟာ သစ်ပင်ကြီးဆီသွားပြီး အရှင်နတ်မင်း ကျွန်ုပ်တို့နှစ်ယောက် ဘယ်သူက ဘယ်လောက် ရသင့်တယ်ဆိုတာ မှန်မှန်ကန်ကန် အဆုံးအဖြတ်ပေးတော်မူပါလို့ တောင်းပန်တဲ့အခါ အတိပဏ္ဍိတ အဖေကြီးဟာ သစ်ခေါင်းထဲကနေ နတ်ယောင်ဆောင် အသံဖျက်ပြီး အတိပဏ္ဍိတ နှစ်ဆရသင့်တယ်လို့ အဆုံးအဖြတ်ပေးပါသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကြားတော့ ပဏ္ဍိတက နတ်ကောင်းနတ်မြတ်ဆိုရင် ဒီလို မမှန်ကန်တဲ့ အဆုံးအဖြတ်မျိုးပေးမယ် မဟုတ်ဘူး။ နတ်ဟုတ်, မဟုတ် သိရအောင် လုပ်မယ်ဆိုပြီး ကောက်ရိုးတွေ သွားယူသတဲ့"

"ဒီအခါ အတိပဏ္ဍိတက မိတ်ဆွေ၊ ဒီကောက်ရိုးတွေက ဘာလုပ်ဖို့လဲလို့ မေးတဲ့အခါ နတ် ဟုတ်, မဟုတ် သိရအောင် အောက်ဖက်အပေါက်ကပိတ်ပြီး မီးရှို့ကြည့်မလို့လို့ ပြောသတဲ့"

"ဒီအခါ အတိပဏ္ဍိတဟာ ထိတ်လန့်တကြား ပြူးတူပြတဲနဲ့ဖြစ်သွားပြီး ခင်ဗျား ဒီလိုမလုပ်နဲ့လေ နတ်မင်းကြီးစိတ်ဆိုးပြီး ခင်ဗျားကို ဖမ်းစားညှဉ်းဆဲလိမ့်မယ်လို့ ပြောနေတုန်း ပဏ္ဍိတဟာ ကောက်ရိုးတွေကို သစ်ခေါင်းတဲထည့်ပြီး မီးနဲ့ရှို့လိုက်ပါရောတဲ့"

"ဟာ. . . ဒုက္ခပဲ။ အတိပဏ္ဍိတ အဖေကြီးတော့ သေတော့မှာပဲ"

"သေတော့မသေဘူးကွ။ အဖိုးကြီးဟာ ကိုယ်အောက်ပိုင်း မီးလောင်ပြီး အပေါ် ဘက်သစ်ခေါင်းပေါက်ထဲက ပြေးထွက်ကာ. . ."

"အို. . . လူအပေါင်းတို့ လောကမှာ ကျီးကြောင်ဆိုင်ခြင်တုံတရားရှိတဲ့ ပဏ္ဍိတ ပညာရှိသော အမှန်တကယ် တောင်းပါပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်ခြင်တုံတရားကင်းမဲ့ စဉ်းလဲကောက်ကျစ်တဲ့ အတိပဏ္ဍိတ အမည်ခံပညာလွန် လူတန်းစားမျိုးဟာ လုံးဝကို မကောင်းပါပေ။ ပညာမရှိဘဲ အတိပဏ္ဍိတအမည်ခံ ပညာလွန် သားမိုက်ကြောင့် ကိုယ်တစ်ဝက် မီးလောင်ခံရတဲ့ ကျွန့်ပ်ကိုပဲ ကြည့်ကြပါတော့လို့ပြောရင်း ၁ စ်ကိုင်းက တွယ်ဆင်းလာသတဲ့ကွယ်"

"အဲဒီအခါမှ ပဏ္ဍိတ၊ အတိပဏ္ဍိတတို့ဟာလဲ အမြတ်ငွေကို အညီအမျှ ခွဲဝေယူသွားကြပါသတဲ့ကွယ်"

"နာမည်အားကိုးနဲ့ အကောက်ကြံတဲ့ အတိပဏ္ဍိတဟာ အရှက်တကွဲအကျိုးနည်းလဲဖြစ် အဖေလဲ ကိုယ်တစ်ဝက်မီးလောင်ခံရနဲ့ အရှုံးကြီးရှုံးတာပေါ့ ဦးဦးနော်"

"အေး. . . အေး. . . အဲဒါ မင်းတို့တတွေ သင်ခန်းစာယူဖို့ပေါ့ကွယ်။ လိုတာလဲ မကောင်းဘူး၊ ပိုတာလဲ မကောင်းဘူး။ မဇ္ဈိမပဋိပဒါ အလောတော်ဟာ နေရာတကာမှာ အကောင်းဆုံးပဲလို့သာ ‹ တ်ထားလိုက်ကြပေတော့"

"ဟုတ်ကဲ့ပါ ဦးဦး"

ကူဋဝါဏိဇဇာတ်

📖 📖 📖

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အရေးကြီးသော တစ်စက္ကန့်ပုံပြင်

"ရှေးရှေးတုန်းက သူဌေးကြီးတစ်ဦးမှာ (၁၆)နှစ်အရွယ် သမီးချောကလေး တစ်ယောက်ရှိသတဲ့"

မိဘတွေက ဒီအရွယ်ဟာ စိတ်လှုပ်ရှားတတ်တဲ့အရွယ်၊ စိတ်ကစားတတ်တဲ့အရွယ် ဖြစ်တယ်။ သမီးကလေး မကောင်းတဲ့ သူနဲ့တွေ့ပြီး ပျက်စီးသွားမှာစိုးရတယ်ဆိုပြီး သမီးကလေးကို ဘယ်သူနဲ့မှ မတွေ့စေဘဲ ခုနစ်ထပ်တိုက်ကြီးရဲ့ အပေါ်ဆုံးထပ်မှာ အိမ်ဖော်အမျိုးသမီးကလေး တစ်ယောက်တည်းနဲ့သာ အတူထားသတဲ့။

"ပျင်းစရာကြီး နေမှာပေါ့နော် ဦးဦး။ သမီးတို့တော့ အဲဒီလို မနေနိုင်ပေါင်"

"အံမာ နင်က မနေနိုင်ရအောင် လျှောက်တွေးချင်လို့လား"

"အဲဒီလို နင်ကော နေနိုင်လို့လား၊ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ မနေနိုင်ရင် လျှောက်ပွေ့ပြီး ပျစ်စီးချင်လို့ပေါ့"

"ကိုင်း. . . တော်ကြ တော်ကြ၊ ဦးဦး ပုံပြင်တောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

"အဲ. . . အဲ. . . သမီးလေးပြောတာ ဟုတ်တယ်ကွယ့်။ အတင်းကျပ်လွန်အားကြီးတော့လဲ ပေါက်ပြတ်ကွဲထွက်သွားတတ်တယ်။ အပြင်ဝန်းကျင်နဲ့ အတွေ့အထိ အဆက်အဆံမရှိ အဆက်ပြတ်လွန်းတော့လဲ ပြင်းရိုငြိုးငွေ့ပြီး အပေါင်းအသင်းအဖော်အလျော်ကို မျှော်တတ်တယ်။ နွယ်ပင်လိုပဲ နီးရာကို ဖက်တွယ်ခင်မင်စွဲလမ်းသွားတတ်တယ်။ ဒါဟာ လောကရဲ့ နိယာမသဘောပဲကွယ့်"

"ဒါကို ဦးဦး ဆက်ပြောပြမယ်။ သားတို့ သမီးတို့ နားထောင်ကြ"

"သူဌေးသမီးကလေးဟာ အဲဒီလို အပေါင်းအသင်းမရှိ ပျင်းရိုငြိုးငွေ့စွာနဲ့ တစ်ကိုယ်တည်းနေရတဲ့အချိန် တစ်နေ့ မှာ ခိုးသူတစ်ယောက်ကို ဖမ်းမိတာနဲ့ လက်ပြန်ကြိုးတုပ် ဆွဲခေါ်ပြီး လမ်းဆုံလမ်းခုတွေမှာ ရပ်ရပ်ပြီး ကြိမ်နဲ့ရိုက်ကာ, ရိုက်ကာ လူသတ်ကုန်းကို ခေါ်သွားသတဲ့"

"ဘာဖြစ်လို့ အဲဒီလို လမ်းဆုံလမ်းခွတွေမှာ ရပ်, ရပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်နဲ့ ရိုက်ရတာလဲ ဦးဦး”

“ဒီလိုခိုးရင် အပြစ်ဒဏ်ခံရမယ်ဆိုတာ သိပြီး မခိုးဝံ့ကြအောင် တစ်ခြားလူတွေကိုပါ မညာပေးတဲ့သဘောပေါ့ကွာ”

“အဲ ဒီလိုခေါ်သွားလို့ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို သူဌေးသမီးကလေးက လှမ်းကြည့်လိုက်တဲ့အခါ သူခိုးကို မြင်သွားတာနဲ့ တစ်ခါတည်းစွဲလမ်းသွားတဲ့အတွက် အစာမစားတော့ပဲ သွားအိပ်နေလိုက်ပါရောတဲ့။ ဒီအခါ မိခင်သူဌေးကတော်ကြီးက. . .”

“သမီး. . . ဘာဖြစ်လို့ ထမင်းမစားတာလဲ”

“ဟောဟိုအောက်လမ်းမပေါ်မှာ သူခိုးဆိုပြီး သတ်မယ်လို့ ရိုက်နှက်ခေါ်သွားတဲ့သူကိုရရင် သမီးအသက်ရှင်မယ်။ မရရင်တော့ သမီး မရှင်နိုင်တော့ဘူး မေမေ”

“သူဌေးသမီးကလဲ အဖြစ်သဲလိုက်တာ။ သူခိုးများ ဒီလောက် စွဲလမ်းရသလား”

“ဒါကြောင့် ဦးဦးပြောခဲ့တာပေါ့။ ချုပ်ချယ်လွန်းတော့ တွန်းကန်အားတွေ ဖြစ်ပေါ်လာပြီး ပေါက်ပြတ်ကွဲပြဲထွက်တတ်တယ်လို့။ ဒါဟာ မိဘတွေရဲ့ လောကသဘောကို နားလည်မှုအားနည်းချက်ပဲပေါ့ကွာ”

“ဒီအခါ သူဌေးကတော်ကြီးက ဒီလိုမလုပ်နဲ့ သမီး၊

www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ မေမေတို့ရဲ့ အခြေအနေ အဆင့်အတန်း ဂုဏ်သိက္ခာတွေကိုလဲ ပြန်ကြည့်ဦးမှပေါ့။ မေမေတို့နဲ့ မျိုးရိုးဇာတိ ပစ္စည်းဥစ္စာစတဲ့ အဘက်ဘက်က အဆင့်အတန်းတူတဲ့ ယောကျ်ားကလေးရအောင် မေမေ အမြန်ဆုံးစီစဉ်ပေးပါ့မယ်"

"ဘာမှ ပြောမနေနဲ့တော့ မေမေ။ သူ့ကို မရရင် သမီး သေမှာအမှန်ပဲ။ ဒါ နောက်ဆုံးစကားပါပဲလို့ ပြောသတဲ့"

"သူဌေးကတော်ကြီးဟာ သမီးကို ပြောလို့မရတာနဲ့ သူဌေးကြီးကို ပြောပြတဲ့အခါ သူဌေးကြီးက ပြောပေမယ့်လဲ မရတဲ့အတွက် လူသတ်သမားကို ငွေတစ်ထောင် 'လာဘ်' ထိုး သူခိုးကို နုတ်ယူလိုက်ပြီး သမီးနဲ့ ပေးစားလိုက်ပါသတဲ့"

"သမီးသာဆိုရင် ပစ်ထားလိုက်မှာ။ သူ့ဘာသာသူ သေချင်သေ မပေးစားဘူး"

"အံမာ နင်က အပြောကြီးလိုက်တာ။ ကိုယ်တွေ့မကြုံဘူးသေးလို့ပါ။ ကိုယ်တွေ့ကြုံလာရင် ဒါထက်တောင် ကဲချင်ကဲဦးမှာ"

"စောင့်ကြည့်ပါ့လေ။ ငါတို့က ဆင်းရဲတာ ချမ်းသာတာ အပထား၊ ဒီလို သူခိုး၊ ဓားပြ၊ အရက်သမား၊ ဘိန်းစားလို စာရိတ္တ ပျက်ပြားတဲ့ဟာမျိုးနဲ့တော့ ဘယ်တော့မှ မဖြစ်စေရဘူး"

"အေး. . . အေး. . . သမီးကလေး စိတ်ထားကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မှန်တယ်"

"သားတို့လဲ သမီးလေးကို အမြင်မှန်ပြီး မွန်မြတ်တဲ့ စိတ်ထားမျိုး ရှိရမယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

"သူခိုးကလဲ ကံကောင်းလိုက်တာ အံ့လောက်စရာပဲနော်"

"ကံဆိုတာ ဆန်းကြယ်တယ်ကွယ့်။ ဘယ်လိုမှ မှန်းဆလို့ မရဘူး။ ဘယ်လောက်ထိအောင် ဆန်းကြယ်တယ်ဆိုတာ ဆက် နားထောင်ကြပေါ့ကွာ"

"သူဌေးသမီးဟာ သူခိုးကိုရတဲ့အချိန်ကစပြီး သူ့ယောက်ျား ကျေနပ်အောင် အကျီ လုံချည်အသစ်တွေဝယ်၊ လက်ဝတ်လက်စား တွေ အပြည့်အစုံဆင်၊ သူ့ကိုယ်သူ အတတ်နိုင်ဆုံး အလှပြင်ပြီး သူ့ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေး ပြုစုသတဲ့ကွယ်"

"အဲဒီလို သုံး, လေးရက်လောက် ကြာတဲ့အခါမှာ သူခိုး ဟာ အကြံကောင်းကြီးတစ်ခု ကြံပါလေရောတဲ့"

"ဘယ်လိုကြံသလဲ ဦးဦး။ သူ့အသက်သခင်ကျေးဇူးရှင် ကို ဘယ်လိုများ အကောင်းဆုံး ပြန်ကျေးဇူးဆပ်ရပါ့မလဲလို့ ကြံတာလား"

"အေး. . . အေး. . . ပြောပြမယ် နားထောင်"

"အင်း. . . လက်ဝတ်လက်စားတွေက နည်းဘူး။ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေကလဲ အဖိုးတန် အကောင်းစားတွေချည်းပဲ။ ဒီအမျိုးသမီးကိုသတ်၊ ဒီလက်ဝတ် လက်စားတွေယူ၊ အရက်ဆိုင်တစ်ဆိုင်သွား အကောင်းဆုံးအရက်တွေဝယ်၊ အမြည်းကောင်းကောင်းကလေးနဲ့ သောက်လိုက်ရ ဘယ်လောက်များ ဇိမ်ကျလိမ့်မလဲ။ ဘယ်တော့များ အဲဒီလို နေနိုင်ပါမလဲလို့ ကြံပါသတဲ့ကွယ်"

"ဘုရား. . . ဘုရား. . . သိပ်ကိုရက်စက်လိုက်ပါလား။ ကြည့်စမ်း နင်တို့ယောကျ်ားတွေ ဘယ်လောက်ရက်စက်လိုက်သလဲဆိုတာ"

"အံမာ. . . ယောကျ်ားတိုင်း မဟုတ်ပါဘူးဟာ။ နင်တို့မိန်းမတွေလဲ ရက်စက်တာပါပဲ။ ပဒုမ ပေါင်တိုဇာတ်တို့၊ မရှိးနဲ့မတ် လင်ကိုသတ် လေးဇာတ်တိုင်အောင်သာတို့ ဆိုတာတွေမှာ ကြည့်ပါလား။ မိန်းမတွေ ဘယ်လောက် ရက်စက်တယ်ဆိုတာ"

"အဲ. . . အဲ. . . တော်ကြ၊ တော်ကြ၊ ယောကျ်ားရယ် မိန်းမရယ် မဟုတ်ပါဘူးကွာ။ စိတ်နေ စိတ်ထား ဆိုးရွားယုတ်ညံ့သူ၊ မကောင်းတဲ့ အပေါင်းအသင်းနဲ့ ပေါင်းသင်းမိတဲ့သူဟာ ဆိုးရွားယုတ်မာရက်စက်တာပါပဲ"

"သူခိုးဟာ အဲဒီလို ကြံစည်ပြီးတဲ့နောက် သူစဉ်းစားပြီး၊ အင်း. . . ဟုတ်ပြီ၊ ဒီအတိုင်းလုပ်ရမယ်လို့ ဆုံးဖြတ်ချက်ချပြီး အစာမစားဘဲ အိပ်နေလိုက်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခါ သူဌေးသမီးက အနားလာပြီး. . ."

"အရှင် နေမကောင်းလို့လား"

"နေကောင်းပါတယ်။ ဘာမှ မဖြစ်ပါဘူး"

"ဒါဖြင့် ဘာလို့ အစာ မစားတာလဲ၊ အဖေ အမေတို့က ဆူလို့လား"

"မဆူပါဘူး"

"ဒါဖြင့် ဘာဖြစ်တာလဲ၊ ပြောပါအရှင်"

"ရှင်မ သူသတ်ယောက်ျားတွေ ငါ့ကိုခေါ် သွားတဲ့နေ့က သူခိုးတွေကို ပစ်ချပြီးသတ်တဲ့ ချောက်မှာနေတဲ့နတ်ကို 'ကျွန်ုပ် အသက်ကို ကယ်ဆယ်ပါ။ ကျွန်ုပ်မသေရင် အရှင်နတ်မင်းကို ပူဇော်ပါ့မယ်'လို့ ဝန်ခံကတိ ထားခဲ့တယ်။ အဲဒီ နတ်မင်းကယ်လို့သာ အသက်မသေတာ။ ရှင်မကို ရတာလဲ အဲဒီနတ်မင်းရဲ့ တန်ခိုးကြောင့်ပဲ။ ဒါကြောင့် အဲဒီနတ်မင်းကို ပူဇော်ဖို့ စဉ်းစားနေတာပါ"

"ဒါများ စဉ်းစားနေသလားအရှင်ရယ်။ စောစောက ပြောရောပေါ့။ ကျွန်မတို့ကျေးဇူးရှင်နတ်မင်းကို အခုပဲ သွားပူဇော် ကြမယ်။ ဘာတွေနဲ့ သွားပူဇော်ရမယ်ဆိုတာသာ ပြောပါ။ ကျွန်မ စီစဉ်လိုက်ပါ့မယ်လို့" ပြောသတဲ့။

"ဒီသူဌေးသမီးဟာ အဖြစ်ကိုသဲတယ်။ ပုတ်တယ် သမီး စိတ်မရှည်တော့ဘူး။ ကိုယ်လည်ပင်းကိုယ် ကြိုးကွင်းစွပ်

www.burmeseclassic.com

www.burmeseclassic.com



မယ့်မိန်းမပဲ"

"အေး. . . အေး. . . ပြောတော့ပေါ့ဟာ"

"နားထောင်ကြပါဦးကွာ။ ဘယ်သူ ဉာဏ်နည်းတယ်ဆိုတာ ဆက်နားထောင်ကြဦး"

"ဒီတော့ သူခိုးက တစ်ခြားများများမလိုပါဘူး ရှင်မရယ်၊ ရေမရောတဲ့ မပျစ်မကျဲ နို့ထမင်းနဲ့ပေါက်ပေါက်အပါအဝင် ပန်းငါးမျိုးလောက်ဆိုရင် တော်လောက်ပါပြီ"လို့ ပြောတာနဲ့ သူဌေးသမီးဟာ အဲဒီဟာအားလုံး ပြည့်စုံအောင် စီမံပြီး. . .

"ကဲ အရှင်၊ အားလုံးပြည့်စုံအောင် စီမံပြီးပါပြီ။ မြန်မြန်သွားကြစို့"လို့ ပြောတဲ့အခါ. . .

"သူခိုးက ဒါဖြင့် အကောင်းဆုံး အဖိုးတန်ရတနာ လက်ဝတ်လက်စားတွေ ဝတ်၊ ရှင်မကိုယ်ကို အလှဆုံးဖြစ်အောင် ပြင်ဆင်ပြီး မိဘဆွေမျိုးတွေ ဘယ်သူ့ကိုမှမလိုက်စေဘဲ ငါတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ သွားကြစို့ဆိုပြီး မြင်းရထားကလေးစီးကာ သူခိုးတွေကို ပစ်ချပြီးသတ်တဲ့ ချောက်ကမ်းပါးကြီးရှိရာ တောင်ကိုပျော်ပျော်ပါးပါး သွားကြပါသတဲ့ကွာ"

"ဒီမိန်းမတော့ သေတော့မှာပဲ။ အသည်းယားစရာကောင်းလိုက်တာနော်"

"လူ့ ကံ, ဉာဏ်, ဝီရိယဆိုတာ ရှိပါသေးတယ် သမီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်နားထောင်ပါဦး။ အဲ တောင်ခြေရောက်တဲ့အခါကျတော့ သူခိုးက ရှင်မ၊ ဒီနေရကြစပြီး တို့နှစ်ယောက်ထဲသွားကြမယ်။ ကျန်တဲ့လူတွေရော မြင်းရထားကိုပါ ပြန်လွှတ်လိုက်။ နတ်ပူဇော်ဖို့ ထည့်လာတဲ့တောင်းကို ရှင်မကိုယ်တိုင်ရွက်ပြီး တောင်ပေါ်တက်ကြမယ်ဆိုပြီး သူတို့နှစ်ယောက်ထဲ တက်ကြပါသတဲ့"

"တောင်ထိပ် ချောက်ကမ်းပါးပြတ်ကြီးနေရာရောက်တဲ့အခါကြတော့ သူဌေးသမီးက အရှင်နတ်မင်းကို ပူဇော်ပါတယ်လို့ ပြောတဲ့အခါ၊ သူခိုးက ဘာမှမပြောပဲနေတယ်။ ဒါနဲ့ သူဌေးသမီးက နောက်ထပ်ပြောတဲ့အခါကျတော့ သူခိုးက မျက်နှာထားတင်းတင်းနဲ့ ဒီမှာ နတ်တွေဘာတွေ ဘာမှပူဇော် ပ,သ နေစရာမလိုဘူး။ မင်းကို သက်သက် ညာခေါ်လာတာ"

"ဘယ်လိုပြောလိုက်တာလဲ အရှင်၊ ဘယ်နှယ့်ကြောင့်လဲ"

"ဘယ်နှယ့်ကြောင့်ရမှာလဲ၊ မင်းကို သတ်၊ ဒီပစ္စည်းတွေယူပြီး ငါ ထွက်ပြေးတော့မလို့ပေါ့"

"ရက်စက်လှချေလား ရှင်ရယ်။ ဒီပစ္စည်းတွေရော၊ ကျွန်မကိုရော ရှင်ပိုင်တာပဲဟာ၊ ဘယ်နှယ့်ကြောင့် ဒီလို ရက်ရက်စက်စက် ကြံရတာလပါလဲ။ ဒီလိုမလုပ်ပါနဲ့"လို့ အကြိမ်ကြိမ်တောင်းပန်ပေမယ့်မရတဲ့အခါ သူဌေးသမီးက. . .

"ဒီလိုဆိုလဲ ဒီပစ္စည်းတွေကို ယူပါ။ ကျွန်မကိုတော့

www.burmeseclassic.com

www.burmeseclassic.com



မသတ်ပါနဲ့၊ ကျွန်မကို သေစာရင်းသွင်းပြီး သေပြီလို့ပဲ မှတ်ထား လိုက်ပါ။ ဒါမှမဟုတ် ကျွန်မဟာ အရှင့်မယား မဟုတ်တော့ပဲ ကျွန်တစ်ယောက်အနေနဲ့ အရှင့်ကို လုပ်ကျွေးနေပါရစေ”လို့ ပြေပြန်တော့လဲ. . .

“ဟော. . . ဘယ် ဒီလိုရမလဲ။ မင့်မိဘတွေကို ပြန်ပြော ရင် ဘယ့်နှယ်လုပ်မလဲ၊ မင့်ကို အစဖျောက်ပစ်မှကို ဖြစ်မှာလို့ ပြောတဲ့အခါ သူဌေးသမီးဟာ သနားစရာ ချုံးပွဲချ ငိုပါလေရော တဲ့ကွာ။ ဒီအခါ သူခိုးက ဟေ့. . . ငိုမနေနဲ့ကွ။ အချိန်မရှိဘူး။ ပစ္စည်းတွေချွတ်၊ မြန်မြန် အထုပ်, ထုပ်လို့ ပြောသတဲ့”

“ရက်စက်တာကတော့ ကန်းကုန်တာပါပဲနော် ဦးဦး”

“ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ အသက်သခင်ကျေးဇူး ရှင်ဆိုတာကိုများ သူ မစဉ်းစားမိတော့ဘူးလား မသိဘူးနော်”

“လူမိုက်ဆိုတာ ဒီလိုဘဲကွ၊ မကောင်းတာကိုသာ ကြံတယ်၊ ပြောတယ်၊ လုပ်တယ်၊ အဲဒီ မကောင်းတဲ့အကြံ အပြော၊ အလုပ်တွေ ဟာ သူ့ကို ပြန်ထိတာပါပဲ။ နားထောင်ကွယ့် ဆက်ပြောမယ်”

“သူခိုးက ဒီလို ရက်ရက်စက်စက်ကြီး ပြောလိုက်တဲ့အခါ သူဌေးသမီးက စဉ်းစားတယ်”

“လောကမှာ ဉာဏ်,ပညာဆိုတာ ချက်ပြုတ်စားသောက် ပစ်စရာ၊ အစားအစာမဟုတ်ဘူး။ အကျဉ်းအကြပ် ဆင်းရဲဒုက္ခနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံတဲ့အခါ၊ အကျဉ်းအကြပ် ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေး အတွက် ကြံစည်စဉ်းစားဖို့အရာသာ ဖြစ်တယ်"

"ငါ့မှာ အဲဒီ ဉာဏ်ရှိတယ်။ ဒီအကျပ်အတည်းက လွတ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ငါစဉ်းစားရမယ်။ အဲ. . . ဟုတ်ပြီ။ အဲဒီလို လုပ်မယ်"လို့ ဆုံးဖြတ်ချက်ချပြီး မျက်ရည်ကိုသိမ်း၊ အငို ရပ်လိုက် ပြီးတော့ သူခိုးကို. . .

"အရှင်၊ အရှင့်ကို သူခိုးဆိုပြီး သတ်ဖို့ ရိုက်နှက်ခေါ်သွား တုန်းက ကျွန်မရှင့်ကို ချစ်ခင်စွဲလမ်းတဲ့အတွက် ဂုဏ်သိက္ခာတွေ ကို မငဲ့မကွက် မရှက်မကြောက်နိုင်တဲ့ မိဘတွေကို ငွေတစ်ထောင် နဲ့ အရွေးခိုင်းပြီး အိမ်မှာထား၊ ဘုရားတစ်ဆူ ဂူတစ်လုံးလို ပြုစု လုပ်ကျွေးလာတာ ရှင် မှတ်မိပါတယ်နော်"

"အခု ဒီနေ့ဟာ ကျွန်မသေရတော့မှာမို့ နောက်ဆုံးပြုစု တဲ့အနေနဲ့ ရှင့်ကို တစိမ့်စိမ့်ကြည့်ပြီး အားပါးတရ ရှိခိုးပါရစေ လို့ ပြောတဲ့အခါ သူခိုးဟာ သဘောကျပြီး ကောင်းပါလေ ရှင်မ။ စိတ်ရှိတိုင်းသာ ရှိခိုးပါလေတော့"လို့ ခွင့်ပြုလိုက်ပြီး တောင်ထိပ် တမ်းပါးပြတ်ကြီး အနီးတစ်နေရာမှာ ရပ်နေလိုက်သတဲ့။

"အဲဒီအခါ သူဌေးသမီးဟာ သူခိုးကို သုံးပတ်, ပတ်ပြီး လေးဘက်, လေးတန်ကနေ ရှိခိုးပြီးတဲ့နောက်. . ."

"အရှင်၊ ဒီအချိန်ဟာ အရှင့်ကို ကျွန်မနောက်ဆုံးမြင်ရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပါပဲ။ ဒီအချိန်ကစပြီး နောက်ကို အရှင်ကလဲ ကျွန်မကို မြင်ရတော့မှာမဟုတ်ပါဘူး။ ကျွန်မကလဲ အရှင့်ကို မြင်ရတော့မှာ မဟုတ်ပါဘူးလို့ပြောပြီး သူခိုးရဲ့ ရှေ့ဘက်ကနေ လည်ပင်းကို အားပါးတရဖက်လိုက်လို့ သူခိုးက ကျေနပ်ပြီး အမှတ်တမဲ့ ဖြစ်နေခိုက်မှာ နောက်ကျော ဘက်ကနေပြီး၊ လက်တစ်ဘက်နဲ့ သူခိုးရဲ့ပခုံးကိုကိုင် အခြားလက်တစ်ဘက်နဲ့ သူခိုးရဲ့နောက်ကျောဘက်က ပုဆိုးခါးတောင်းကျိုက်ကိုကိုင်ကာ ဇာတ်ခနဲမြှောက်ပြီး ချောက်ကမ်းပါးပြတ်ကြီးထဲ ပစ်ချလိုက်တာ သူခိုးဟာ ချောက်ကမ်းပါးက ကျောက်ဆောင်စွန်းတွေနဲ့ တိုက်ခိုက်မိပြီး အပိုင်းပိုင်းပြတ်ကာ တောင်ခြေမြေကြီးထိ ရောက်သွားပါလေရောတဲ့ကွာ"

"ဟာ. . . ကောင်းလိုက်တာ ဦးဦးရယ်၊ ခုမှပဲ ဝမ်းသာရတော့တယ်"

"ဟဲ. . . ဟဲ. . . သူများ ဆင်းရဲဒုက္ခရောက်တာ မြင်ရကြားရရင် ဝမ်းမသာရဘူး။ ဝမ်းသာရင် ကိုယ်လဲ ဆင်းရဲဒုက္ခနဲ့ တွေ့ရတတ်တယ်။ သနားကြင်နာရတယ်။ ကယ်မ, စောင့်ရှောက်ရင် ကိုယ်လဲချမ်းသာတတ်တယ်"

"သူများချမ်းသာတာ မြင်ရကြားရရင် ဝမ်းသာရတယ်။ အဲဒီလိုဆိုရင် ကိုယ်လဲချမ်းသာတတ်တယ်။ မနာလိုမရှုစိမ့်ဖြစ်ရင် သူ ဘာမှမဖြစ်ဘူး။ ကိုယ်ပဲ ဆင်းရဲတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ရှောင်လွှဲလို့မရတဲ့ လောကသဘောပဲကွယ့်။ မှတ်ထားကြ"

"ဦးဦး သမီး တစ်ခုပြောချင်တယ်"

"အေး. . . အေး. . . ပြော သမီး ပြော"

"ခုန သူက 'နင်တို့အမျိုးသမီးတွေ ဉာဏ်နည်းလိုက်ပုံများ"လို့ ပြောခဲ့တယ်မဟုတ်လား။ ကဲ ခုတော့ ဘယ်နှယ့်ရှိစ။ အမျိုးသမီးရဲ့ ထက်မြက်တဲ့ဖြတ်ထိုးဉာဏ်ကြောင့် အမျိုးသား သူခိုးခံသွားရပြီ မဟုတ်လား"

"အေး. . . ဟုတ်တာပေါ့။ စကြာနို့ပိုင်းလောက်အတွင်းမှာ အခြေအနေဟာ ပြောင်းလဲသွားလိုက်တာ ယုံနိုင်စရာ မရှိလောက်အောင်ပါပဲ။ ဉာဏ်ပညာရဲ့ သတ္တိအစွမ်းဟာ အံ့သြလောက်စရာပါပဲကွယ်"

"ဒါကြောင့် အဲဒီအဖြစ်အပျက်ကို မြင်ရတဲ့ တောင်စောင့်နတ်ကြီးက. . ."

"ယောကျာ်းမှာသာ အရာရာ ဉာဏ်ရှိမဟုတ်ပါ။

မိန်းမမှာလဲ ဉာဏ်မနည်း အကဲသာပေတာ"လို့ မှတ်ချက်ချ ချီးကျူးလိုက်သတဲ့ကွယ်"

(မွေ့ပဒ. . . ကုဏ္ဍာလကေသီ ထေရီဝတ္ထု)

📖 📖 📖

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## မုသားသစ္စာမှန်သော လိမ်ညာခြင်းပုံပြင်

"ဦးဦး ဒီနေ့ ပုံမပြောဘူးလား"

"အော် . . . ရောက်လာကြပြီလား။ အေး ပြောမှာပေါ့ကွယ့်။ ဦးဦးလဲ စဉ်းစားနေတာပဲ။ ဘာပုံပြောရမလဲဆိုတာ။ အဲ . . . အဲ၊ စဉ်းစားမိပြီ။ 'မုသားသစ္စာ၊ မှန်သောလိမ်ညာခြင်း' ဆိုတဲ့ ပုံပြောမယ်"

"ဟင် . . . ဦးဦး ပုံပြင်ကလဲ 'မှန်သောလိမ်ညာခြင်းတဲ့' ဘယ်လိုပုံကြီးလဲ။ ညာရင်ဘယ်မှန်တော့မှာလဲ"

"အေး . . . သားသား၊ မီးမီးတို့ ပြောမယ်ဆိုလဲ ပြောစရာပဲ။ နားထောင်ကြည့်ပေါ့ကွယ်။ မင်းတို့သဘောပေါက်လာမှာပေါ့ကွယ်။ မင်းတို့သဘောပေါက်လာမှာပေါ့။ ကဲ . . . နားထောင်ကြ"

"ဟိုး . . . ရှေးရှေးတုန်းတုန်းက တိုင်းပြည်တစ်ခုမှာ တောသားကုန်သည်နဲ့ မြို့သားကုန်သည်တို့ နှစ်ယောက်ရှိကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ မြို့သားကုန်သည်က သံဖရင်းငါးရာယူလာပြီး. . .

"မိတ်ဆွေ ဟောဒီသံဖရင်းတွေ မိတ်ဆွေထံခေတ္တထား ပါရစေလို့. . . ပြောပြီး တောသားကုန်သည်ထံ သံဖရင်းတွေ အပ်နှံထားသတဲ့"

"သံဖရင်းဆိုတာ ဘာလဲဦးဦး"

"အေး. . . သားတို့မေးမယ်ဆိုလဲ မေးစရာလဲ။ သံဖရင်း ဆိုတာ သံထွန်သွား၊ ထယ်သွားကို ခေါ်တာကွယ့်။ ရှေးအခေါ် တစ်မျိုးပေါ့ကွာ။ ခုလူတွေ သိပ်မသိကြဘူးကွယ်"

ဒီအခါ တောသားကုန်သည်က အကောက်ကြံကာ သံ ဖရင်းတွေကို ရောင်းစားပစ်ပြီး ဖရင်းတွေထားတဲ့နေရာမှာ ကြွက် ချေးတွေကို တခြားယူပြီး စုပုံထားသတဲ့။

"ဘာလုပ်ဖို့ ကြွက်ချေးတွေကို စုပုံထားတာလဲ ဦးဦး"

"နောက်တော့ သိမှာပေါ့ကွာ။ ဆက်နားထောင်ပါဦး"

"တစ်နေ့မှာ ဖရင်းရှင် မြို့သားကုန်သည် ရောက်လာပြီး သူ့ဖရင်းတွေကို ယူမယ်လို့လုပ်တဲ့အခါ၊ တောကုန်သည်က စိတ် မကောင်းပါဘူးမိတ်ဆွေ၊ ဟောဒီမှာ ကြွက်ချေးတွေကိုပဲ ကြည့် ပါတော့။ မိတ်ဆွေရဲ့ ဖရင်းတွေကို ကြွက်တွေစားပစ်လိုက်တာ ကုန်ပါလေရောလား။ ကျုပ်လဲ မသိလိုက်ဘူးလို့ ပြောသတဲ့"

"ဒီတော့ မြို့ကုန်သည်က ဘာပြောသတဲ့လဲ ဦးဦး"

www.burmeseclassic.com



"မြို့ကုန်သည်က အေးပေါ့ဗျာ။ သံဖရင်းတွေကို ကြွက်စားသွားတယ်ဆိုတာ ထူးတော့ထူးတာပဲ။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ ရှိပစေတော့ပေါ့လို့ ပြောသတဲ့ကွယ်"

"ဟင်. . . မြို့သားဆိုပြီး နလိုက်တာ၊ သံတွေကို ကြွက်စားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သမီးတို့တော့ မယုံနိုင်ပါဘူး။ ပြန်တောင်းမှာပဲ"

"နေပါဦးဟ၊ နင်တို့ လောကြီးလိုက်တာ။ ဦးဦးပြောတာ ဆက်နားထောင်ပါဦး"

"အဲဒီလိုပြောပြီး မြို့သားကုန်သည်ဟာ မြစ်ဆိပ်ရေသွားချိုးမယ်ဆိုတာ တောကုန်သည်ရဲ့ သားကလေးကိုခေါ်သွား၊ အိမ်တစ်အိမ်မှာအပ်ထားပြီး ကောင်းကောင်းစောင့်ရှောက်ထားဖို့ အိမ်ပေါ်က အောက်မဆင်းဖို့ တခြားကိုလဲ ထွက်မသွားစေဖို့ မှာထားပြီး တောကုန်သည်အိမ်ကို ပြန်လာသတဲ့"

"အိမ်ရောက်လို့ တောကုန်းသည်က သူ့သားကလေး ပြန်ပါလာတာမတွေ့တာနဲ့ မေးတဲ့အခါ မြို့ကုန်သည်က. . ."

"ပြောရမှာ စိတ်မကောင်းပါဘူးမိတ်ဆွေ၊ မိတ်ဆွေရဲ့ သားကလေးကို ကမ်းနားမှာထားပြီး ကျွန်တော် ရေဆင်းချိုးနေတုန်း စွန်ရဲတစ်ကောင်ဟာ ဖြုန်းကနဲရောက်လာပြီး မိတ်ဆွေရဲ့သားကလေးကို အတင်းချီပြီး ပျံတက်သွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ လက်ခုပ်တီး တအားအော်ဟစ်ပြီး ချောက်မောင်းပေမယ့် မရတော့ပါဘူး။ မိတ်ဆွေရဲ့သားကလေးကို စွန်ရဲတစ်ကောင် ချီယူသွားပါပြီလို့ ပြန်ပြောတဲ့အခါ. . ."

"တောကုန်သည်ဟာ ဒေါသတကြီးနဲ့ ကျွန်တော့်သားကို ချီသွားနိုင်တဲ့စွန်ဆိုတာ မရှိနိုင်ဘူး။ ခင်ဗျားသက်သက် လိမ်တာပဲလို့ ပြောပါသတဲ့"

"ဒီအခါ မြို့ကုန်သည်က ချီနိုင်တယ်၊ မချီနိုင်ဘူးဆိုတာကိုတော့ ကျွန်တော်မပြောတတ်ဘူး။ ချီသွားတာတော့ ချီသွားတာပဲ။ ကျွန်တော်လဲ ဘယ်လိုမှ မလုပ်တတ်ဘူးလို့ အေးတိအေးစက်နဲ့ ပြန်ပြောသတဲ့"

"ဒီအခါ တောကုန်သည်ဟာ ပိုမို မခံမရပ်နိုင်ဖြစ်လာပြီး ခင်ဗျားလူလိမ်ပဲ။ သူခိုးပဲ၊ လူသတ်သမားပဲလို့ ကြမ်းကြမ်းတမ်းတမ်းပြောဆိုပြီး ခင်ဗျားကို ရုံးတင်တရားစွဲမယ်ပြောကာ အတင်းဆွဲခေါ်"

"မြို့သားကုန်သည်ဟာ ဟုတ်ပြီ၊ ငါ့အကြိုက်ပဲလို့ စိတ်ထဲက ကျေနပ်ပြီး ရုံးတော်ကို လိုက်သွား၊ ရုံးရောက်တဲ့အခါ သားရှင်တောကုန်သည်က ဖရင်းရှင်မြို့ကုန်သည်ဟာ ကျွန်တော့်သားကို စွန်ချီသွားတယ်လို့ လိမ်ပြောပြီးခိုးယူထားပါတယ်။ စစ်ဆေးဆုံးဖြတ်ပေးပါလို့ တိုင်ပါသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးက ဖရင်းရှင်ကို သားရှင်ပြောတဲ့အတိုင်း ဟုတ်သလားလို့မေးတဲ့အခါ ဖရင်းရှင်မြို့ကုန်သည်က ဟုတ်ပါတယ်လို့ ပြန်ဖြေပါသတဲ့"

"ဒီအခါ တရားသူကြီးက လောကမှာ ကလေးကိုစွန်ချီသွားတယ်လို့ ကြားဖူးသလားလို့ မေးပါသတဲ့"

"ဒီတော့ မြို့ကုန်သည်က အရှင်တရားသူကြီးကို ကျွန်တော်မေးပါရစေ။ စွန်ဟာကလေးကို ချီနိုင်သည်ဖြစ်စေ၊ မချီနိုင်သည်ဖြစ်စေ လောကမှာ ကြွက်များဟာ သံဖရင်းကို စားတယ်ဆိုတာကိုရော အရှင်တရားသူကြီးမင်း ကြားဖူးပါသလား. . . လို့ မေးတဲ့အခါ. . ."

"တရားသူကြီးက သင်ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်ုပ်နားမလည်အောင် ဖြစ်နေတယ်လို့ ပြန်ပြောသတဲ့"

"ဒီအခါ ဖရင်းရှင်မြို့ကုန်သည်က ကျွန်တော်သူ့ထံမှာ သံဖရင်းတွေ အပ်ထားပါတယ်။ အဲဒီအပ်ထားတဲ့ သံဖရင်းတွေကို ပြန်တောင်းတဲ့အခါ ကြွက်ချေးတွေကိုပြပြီး ခင်ဗျားသံဖရင်းတွေ ကြွက်စားလို့ ကုန်ပြီ။ အဲဒီကြွက်ချေးတွေကိုပဲကြည့်တော့လို့ ပြောပါတယ်။ အဲဒါ. . . ဟုတ်မဟုတ် သိအောင်လုပ်ပြီးတော့မှ တရားသူကြီးမင်း ဒီအမှုကို ဆုံးဖြတ်တော်မူပါလို့ ရှင်းပြပါသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့မှ တရားသူကြီးဟာ သားရှင်ဟာ သံဖရင်းကို ကြွက်မစားနိုင်ဘဲ ကြွက်စားတယ်ဆိုပြီး ကြွက်ချေးတွေပြ လိမ်တဲ့အတွက် သံဖရင်းရှင်က သားကိုစွန်မချီနိုင်ဘဲ စွန်ချီဘယ်လို့ ပြန်လိမ်တာကိုးလို့ သဘောပေါက်သွားပြီး. . ."

"တရားသူကြီးက 'အိုးရွဲ့ကို စလောင်းရွဲ့နဲ့ဖုံးတာ'ဟာ သဘာဝကျ မှန်ကန်လှသလို သင့်အလုပ် သင့်အကြံဟာ ဖြစ်ရပ်နဲ့ အံဝင်ခွင်ကျ ဆီလျော်မှန်ကန်လှပေတယ်လို့ မြို့ကုန်သည်ကို ချီးကျူးပြီး. . ."

"သားရှင်က ဖရင်းရှင်ကို ဖရင်းများ ပြန်ပေးစေ"လို့ အမိန့်ချမှတ်လိုက်ပါသတဲ့ကွယ်"

"ပုံပြင်က ပြီးပြီလား ဦးဦး"

"အေး. . . ပြီးပြီလေ၊ ဘာဖြစ်လို့လဲ"

"ဦးဦးပြောတော့ 'မှန်ကန်သော လိမ်လည်ခြင်း' ပုံပြင်ဆို ဘယ်မှာမှန်လို့လဲ၊ သံကို ကြွက်မစားဘဲ စားတယ်လို့လိမ်တယ်။ သားကို စွန်မချီဘဲ စွန်ချီတယ်လို့ လိမ်တယ်။ အလိမ်ချည်းဘဲ၊ ဘယ်မှာမှန်လို့လဲ"

"အဲဒါမင်းတို့ တွေးခေါ်အားနည်းသေးတယ်ဆိုတာ ပြတာပေါ့။ ဒီမှာ ဦးဦးပြောပြမယ်။ ပထမ လိမ်တဲ့သူက သူတစ်ပါး အကျိုးပျက်အောင် နစ်နာအောင် လိမ်ပြောတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



တကယ်လိမ်တာ။ ဒုတိယလူက အမှန်တရားပေါ်လာအောင် ပရိယာယ်ဆင်ပြီး ပညာသားပါပါနဲ့ ပြောတဲ့အတွက် တကယ်လိမ်တယ်လို့ မဆိုနိုင်ဘူး။ သူဒီလိုပြောလိုက်တဲ့အတွက် အမှန်တရားပေါ်လာရတယ်။ သူ့စကားဟာ တရားနဲ့ကြောင်းကျိုးဆက်နေတဲ့အတွက် တကယ်လိမ်ရာမရောက်ဘူးလို့ ဆိုရမယ်။ ဒါကြောင့် မှန်ကန်သောလိမ်လည်ခြင်းလို့ ပြောတယ်ဆိုတာ သဘောပေါက်ကြရမယ်ကွယ့်"

"ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဦးဦး"

ကုဠဝါဏိဋ္ဌဇာတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ငရုတ်ကောင်းမှုန့် တစ်ရှူးကြောင့် တစ်ယောက်မင်းဖြစ်၊ တစ်ယောက်နှာခေါင်းပြတ်

"ရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင်တစ်ဦးဟာ သူ့တပ်မတော်အတွက် လက်နက်စုဆောင်းတဲ့အခါ သံလျက် (ဓား)ကောင်း၊ မကောင်းကို စစ်ဆေးတဲ့အခါ အရာရှိတစ်ဦးကို ခန့်ထားသတဲ့။ အဲဒီအချိန်တုန်းက အခုခေတ်လို ခေတ်မီဆန်းပြားတဲ့ လက်နက်တွေ မရှိသေးဘဲ ဓား၊ လှံ၊ လေးဆိုတာတွေဟာ ခေတ်အမီဆုံး လက်နက်တွေပေါ့ကွယ်"

"အဲဒီ အရာရှိက ပန်းပဲသမားတွေ လုပ်ပြီး၊ ဆက်သွင်းတဲ့ သန်လျက် (ဓား)တွေကို နမ်းနမ်းကြည့်ပြီး ကောင်းတယ်၊ မကောင်းဘူးလို့ အဆုံးအဖြတ်ပေးတဲ့အခါ မကောင်းတာတွေကို ပယ်ပစ်ပြီး ကောင်းတယ်ဆိုတာတွေကို လက်နက်တိုက်ထဲ့ပြီး သိမ်းထားရသတဲ့"

"အဲဒီအခါ တချို့လက်နက်သွင်းသမားတွေက တံစိုး၊

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင် (လာဘ်)ပေးပြီး သွင်းကြပါရော။ အရာရှိဟာ (လာဘ်)ထိုးတဲ့သူရဲ့ သန်လျက်ဟာ မကောင်းပေမယ့် အကောင်းဆုံးလို့ဆုံးဖြတ်ပြီး လာဘ်မပေးဘဲ ရိုးရိုးမှန်မှန်သွင်းတဲ့သူရဲ့ သန်လျက်ကိုတော့ ကောင်းလျက်သားနဲ့ မကောင်းဘူးဆိုပြီး ပယ်ချပစ်သတဲ့"

"ဒါဆို. . .ဘယ်ကောင်းမလဲ။ တိုင်းပြည်နစ်နာတာပေါ့ နော် ဦးဦး"

"အေး. . . ဟုတ်တာပေါ့။ လူကလေးကတော်တယ်၊ အမြင်ရှိတယ်၊ တိုင်းပြည်မှာ အရေးကြုံလို့ ဒီ. . . မကောင်းတဲ့ လက်နက်တွေနဲ့ တစ်ဘက်ရန်သူကို ချေမှုန်းဖို့ကြိုးစားရင် ကိုယ်က ရှုံးပြီးတိုင်းပြည်ပါ ဆုံးနိုင်တာပေါ့။ ကဲ. . . ဒါ ထားပါတော့"

"ပုံဆက်ပြောမယ်. . . အရာရှိ အဲဒီလိုလုပ်တာကို မကျေနပ်တဲ့ သန်လျက်လုပ်သွင်းသူတစ်ယောက်က တစ်နေ့မှာ ငရုတ်ကောင်းအနည်းငယ်ကို ညက်ညက်ကြိတ် အမှုန့်လုပ်ပြီး သန်လျက် (ဓား) အိမ်ထဲကို အသာထည့်၊ သန်လျက်ကို အဲဒီ ဓားအိမ်ထဲထည့်ပြီး ရှင်ဘုရင်ကို ဆက်ပါရော"

"ဒီတော့ ရှင်ဘုရင်က အရာရှိကိုခေါ်ပြီး ရော့. . . ဟောဒီ သန်လျက်ကို စစ်ဆေးပေးပါဆိုပြီး အပ်လိုက်တဲ့အခါ အရာရှိက ဟန်နဲ့ပန်နဲ့ပေါ့လေ၊ သန်လျက်အိမ်ထဲက သန်လျက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲထုတ်လှည့်ပတ်ကြည့်ရှုစစ်ဆေးပြီး၊ နောက်ဆုံးစစ်ဆေးတဲ့ အနေနဲ့ သန်လျက်ကို နမ်းကြည့်လိုက်ပါရောတဲ့။ နမ်းလဲ နမ်းလိုက်ရော သန်လျက်မှာ ကပ်ပါလာတဲ့ ငရုတ်ကောင်းမှုန့်တွေဟာ အရာရှိနှာခေါင်းထဲ စွပ်ဝင်သွားတဲ့အတွက် အရာရှိဟာ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ဟပ်ချိုး. . . ဆိုပြီး တအားကြီးကို ချေလိုက်တဲ့အခါ"

"သူ့နှာခေါင်းဟာ သန်လျက်သွားနဲ့ ပြင်းပြင်းကြီး ထိမိပြီး နှာသီးဖျားကနေ အထက်နှာနုရိုးအထိ တိတိကြီး ပြတ်သွားပါလေရော"

"ဟောဗျာ"

"အလိုတော် ဘုရားရေ. . ."

"တူလေး၊ တူမလေးတို့ လန့်သွားကြသလား"

"လန့်တာပေါ့ ဦးဦးရဲ့။ ဖြုန်းကနဲ နှာခေါင်းကြီး ပြတ်သွားတဲ့ဟာကို"

"မလန့်နဲ့ မောင်တို့ရေ၊ မဟုတ်တာလုပ်ရင် အဲဒီလို မကောင်းဖြစ်တာပဲဆိုတာ မောင်တို့ မယ်တို့အတွက် သင်ခန်းစာလို့သာမှတ်။ ဒီတော့. . . ရှင်ဘုရင်က နှာခေါင်းပြတ်တဲ့အနာ ကျက်သွားအောင် ဆေးကုပြီး ချိပ်နဲ့နှာခေါင်းအတု လုပ်ထားပေးကာ အနီးအနားမှာ ခစားဖို့ ရာထူးပေးထားလိုက်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"နှာခေါင်းအတုလုပ်တဲ့ အတတ်ပညာဟာ ဟို. . . ရှေးရှေးထဲက ရှိတယ်နော် ဦးဦး"

"အေး. . . ရှိတာပေါ့ကွာ။ ဟို. . . ရှေးရှေးတုန်းကလူတွေကိုလဲ အထင်မသေးကြနဲ့ကွ။ သူတို့ဟာ လေယာဉ်ပျံတို့၊ သင်္ဘောတို့၊ စက်ယန္တရား တို့ ဘာတို့လဲ လုပ်တတ်ကြတယ်လို့ ရှေးစာပေတွေထဲမှာ ဆိုထားတာတွေ့ရတယ်"

"ပုံက ဆုံးသွားပြီးလား ဦးဦးရဲ့၊ ရှိသေးရင် ဆက်ပြောပါဦး"

"အေး. . . ရှိသေးတယ်၊ ဆက်ပြောမယ်"

"အဲဒီ. . . ဘုရင်ကြီးမှာ သားတော်မရှိဘဲ သမီးတော်နဲ့ တူတော်မောင်တို့ပဲ ရှိကြတယ်။ သူတို့နှစ်ဦးဟာ ခပ်ငယ်ငယ်ကပဲ မေတ္တာသက်ဝင်နေကြတယ်။ ပထမတော့ ဘုရင်ကြီးဟာ သမီးတော်ကိုတူတော်နဲ့ ထိမ်းမြားပြီး နန်းအပ်မယ် စိတ်ကူးထားတယ်။ နောက်ကျတော့ စိတ်ထားပြောင်းပြီး သမီးတော်ကို တခြားတိုင်းပြည်က မင်းသားနဲ့ ထိမ်းမြားပေးလိုက်ပြီး၊ တူတော်ကို တခြားတိုင်းပြည်က မင်းသမီးနဲ့ ထိမ်းမြားပေးပြီး ဒီတိုင်းပြည်မှာ မင်းမြှောက်လိုက်ရင် ငါတို့မှာ ဆွေတွေမျိုးတွေ မဟာမိတ်ဆွေ အများကြီး တိုးပွားလာလိမ့်မယ်လို့ စိတ်ကူးပြီး အတူတူနေကြတဲ့ တူတော်မင်းသားနဲ့ သမီးတော်တို့ကို အိမ်ဘာစ်ဆောင်

www.burmeseclassic.com



ဆီမှာ ခွဲနေစေပြီး အစောင့်အရှောက်တွေနဲ့ ထားလိုက်သတဲ့ကွယ်"

"သူတို့ဟာ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လာလို့ တစ်ဦးနဲ့တစ်ဦး တွယ်တာမှု ပိုကြီးထွားလာတဲ့အခါ မင်းသားက ဘယ်နည်းနဲ့ သမီးတော်ကို အဆောင်တော်က ခေါ်ထုတ်နိုင်မလဲ စဉ်းစားတဲ့အခါ နည်းလမ်းတစ်ခုကို စဉ်းစားမိတာနဲ့ ဟုတ်ပြီ. . . ဒီအတိုင်းလုပ်မှပါ ဆိုပြီး. . ."

"နတ်ဝင်သည် နတ်ကတော်ကြီးတစ်ဦးကို အခေါ် လွှတ်၊ ရောက်တဲ့အခါ ငွေတစ်ထောင်ပေးပြီး၊ 'မိခင်. . . မိခင်ဆောင်ရှက်ရင် ဘာမဆို အောင်မြင်နေကျ ဖြစ်ပါတယ်။ သမီးတော်ကို အိမ်တော်အပြင်ရောက်အောင် တစ်နည်းနည်းနဲ့ လုပ်ပေးပါ'လို့ ပြောသတဲ့"

"ဒီတော့ နတ်ကတော်ကြီးက 'အရှင်မင်းသား အလိုတော်ပြည့်စေရပါ့မယ်။ ကျွန်မပြောတဲ့အတိုင်းသာ လိုက်ပြုလုပ်ပါ' လို့ ပြောသတဲ့"

"မင်းသားက 'လိုက်နာပြုလုပ်ပါ့မယ်'လို့ ဝန်ခံတဲ့အခါ နတ်ကတော်ကြီးက 'ဒီလိုဆို ကျွန်တော်မ ရှင်ဘုရင်ကြီးဆီ သွားပြီး ခုလို အကြံပေး တင်လျှောက်ပါ့မယ်"

"အရှင်မင်းကြီး သမီးတော်မှာ ကာဠကဏ္ဏီလို့တဲ့ နတ်ယုတ်မာဟာ ပူးကပ်လွှမ်းမိုးနေပါတယ်။ ဒါကြောင့်. . . ဘယ်

www.burmeseclassic.com

www.burmeseclassic.com



မင်းညီ မင်းသားတစ်ယောက်တစ်လေကမျှ သမီးတော်ကို လာရောက် ကြောင်းလမ်းခဲ့ခြင်း မရှိ၊ လှည့်တောင်မကြည့်၊ ရှိတယ်လို့တောင် မထင်ဘဲ ဖြစ်နေပါတယ်။ ဒါကြောင့် လာမယ့် (၅)ရက် မြောက်နေ့မှာ သမီးတော်ကို ရထားပေါ်တင်ပြီး ကိုယ်ရံတော်တပ်တွေ အပါအဝင် အခြွေအရံပရိသတ်များစွာနဲ့ သုသာန်ကိုသွားပြီး (လူသေအလောင်းတစ်ခုအောက်မှာ ရှိနေတဲ့) ကွပ်ပျစ်တစ်ခုပေါ်မှာ သမီးတော်ကိုထားပြီး နံ့သာမျိုး ငါးပါးနဲ့ ပြည့်နေတဲ့ ရေအိုးပေါင်း (၁၀၈) (တစ်ရာ့ရှစ်) လုံးနဲ့ သမီးတော်ကို ခေါင်းလျှော် ရေချိုးပေးပြီး ကာဠကဏ္ဏီနတ်ယုတ်ကို မျှောချဖယ်ရှား ထုတ်ပစ်လိုက်ပါ့မယ်လို့ ရှင်ဘုရင်ကြီးကို သံတော်ဦးတင်ပြီး သမီးတော်ကို သုသာန်ကို ခေါ်ထုတ်သွားပါမယ်"

"သမီးတော်ကို အဲဒီသုသာန်ကို ထုတ်သွားတဲ့နေ့မှာ အရှင်မင်းသားက ငရုတ်ကောင်းမှုန့်လေး နည်းနည်းယူပြီး ကျွန်တော်မတို့ အရင် လက်နက်ကိုင် ကိုယ်ရံတော်တွေနဲ့အတူ ရထားစီးပြီး သုသာန်ကိုသွားပါ။ ရထားကို သုသာန်တံခါး တစ်နေရာမှာထားခဲ့ပြီး ကိုယ်ရံတော်တွေနဲ့အတူ သုသာန်ကို ထဲကိုဝင်သွားပြီး ကိုယ်ရံတော်တွေကို သုသာန်ဝန်းကျင်တောထဲမှာ အစောင့်ချထားပြီး အရှင်မင်းသားက သုသာန်မှာ ခုတင်,

www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပျစ်ကို ခင်းထားပြီး အဲဒီကွပ်ပျစ်ကြီးအောက်မှာ (သူသေယောင်ဆောင်ပြီး) မှောက်ခုံအိပ်နေပါ။ ကျွန်တော်မက အဲဒီနေရာကိုလာပြီး အရှင့်သားတော်အပေါ်မှာ ခုတင်ငယ်ငယ်လေးကို ထပ်ခင်းလိုက်ပြီး သမီးတော်ကို ပွေ့ချီယူလာပြီး အဲဒီခုတင်ငယ်ကလေးအပေါ်မှာ အိပ်စေပါမယ်။

"အဲဒီအခါ. . . အရှင်မင်းသားဟာ ငရုတ်ကောင်းမှုန့်ကလေးနည်းနည်း နှာခေါင်းထဲထည့်ပြီး ၂-ခါ ၃-ခါလောက် ချေလိုက်ပါ။ အဲဒီလို. . . အရှင်မင်းသား ချေလိုက်တဲ့အခါ ကျွန်တော်မတို့ဟာ သမီးတော်ကို ထားခဲ့ပြီး ထွက်ပြေးကြပါမယ်။ ဒီအခါ. . . အရှင်မင်းသားဟာ သမီးတော်ကို နံ့သာရေတွေနဲ့ ခေါင်းလျှော်၊ ရေမိုးချိုးပေးပြီး ကိုယ်တိုင်လဲ ခေါင်းလျှော်ရေချိုးကာ သမီးတော်ကို ခေါ်ဆောင်ပြီး အိမ်ကိုပြန်ရုံပဲ ဖြစ်ပါတယ်။ ဒီအကြံ မကောင်းပါလား အရှင်မင်းသား"

"ကောင်းလှပါတယ် အမိ။ ကျေးဇူးအများကြီးတင်ပါတယ်လို့ မင်းသားက ပြန်ပြောပါသတဲ့"

"နတ်ကတော်ကြီးဟာ မင်းသားကို အကြံပေးပြီးတဲ့နောက် ရှင်ဘုရင်ကြီးဆီသွားပြီး၊ သမီးတော်ကို သုသာန်ခေါ်သွားပြီး ခေါင်းဆေးမင်္ဂလာပြုပြီး ကာဠကဏ္ဏိနတ်ယုတ်ကို မှာထုတ်ပေးမယ့်အကြောင်း အကြံပေးလျှောက်တင်တဲ့အခါ ရှင်ဘုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လဲ သဘောကျလက်ခမပါသတဲ့။ မင်းသမီးကိုလဲ ဒီအကြောင်း အပြည့်အစုံပြောပြထားပါသတဲ့”

“ချိန်းထားတဲ့နေ့ကျတော့ မင်းသားကို အချက်ပေးလိုက်ပြီး အစောင့်အရှောက် အခြံအရံ ပရိသတ်များစွာနဲ့ မင်းသမီးကို သုသာန်ခေါ်သွားတုန်း လမ်းမှာ အစောင့်အရှောက်လိုက်ပါလာသူတွေကို. . .”

“အမောင်တို့ ငါ. . . မင်းသမီးကို ခုတင်ပေါ်တင်တဲ့ အချိန်မှာ ခုတင်အောက်က လူသေကောင်ဟာ ၂-ခါ ၃-ခါ ချေပြီး ခုတင်အောက်က ထွက်လာပြီးတော့ ပထမဆုံးတွေ့တဲ့ လူကို ဖမ်းယူလိမ့်မယ်။ မပေါ့ကြနဲ့ သတိကြီးကြီးထားကြ”လို့ ချောက်လှန့်ထားလိုက်သတဲ့။ နတ်ကတော်ကြီးဟာ မင်းသမီးကို ခုတင်ငယ်ဆီ ပွေ့ချီအသွားမှာ သမီးတော်ကို “ဘာမှ မကြောက်နဲ့နော်”လို့ ထပ်မံ သတိပေးလိုက်ပြီး ခုတင်ပေါ်မှာ ချလိုက်ပါသတဲ့။

“အဲဒီအချိန်မှာ မင်းသားဟာ ပြေပ်ကောင်းမှုန့်ကလေး နည်းနည်းရှူလိုက်ပြီး ၂-ခါ ၃-ခါလောက်လဲ တအားချေလိုက်ရော၊ နတ်ကတော်ကြီးဟာ မင်းသမီးကိုပစ်ခဲ့ပြီး ကယ်ကြော်မူကြပါလို့ အကျယ်ကြီးအော်ပြီး အရင်ဆုံးထွက်ပြေးသွားပါလေရော၊ လက်ဦးက ချောက်လှန့်ထားလို့ ခပ်ကြောက်ကြောက်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အစောင့်အရှောက်တွေဟာ ဘယ်လို့မှ ထိန်းလို့ သိမ်းလို့ မရတော့ဘဲ လက်နက်တွေ အားလုံးပစ်ချပြီး အကုန်လုံး ထွက်ပြေးကုန်ပါရောတဲ့။ အဲဒီအခါ မင်းသားဟာ နဂိုစီစဉ်ထားတဲ့ အတိုင်း ပြုလုပ်ပြီး မင်းသမီးကို သူ့နေအိမ်တော်ကို ခေါ်ဆောင်သွားပါရောတဲ့"

"တော်တော် တတ်နိုင်တဲ့ နတ်ကတော်ကြီးနော် ဦးဦး။ ဒီလိုဆို ဟိုရှေးရှေးတုန်းကတည်းက နတ်ကတော်ကြီးတော ရှိတာပေါ့နော်"

"အေး. . . ရှိတာပေါ့ကွဲ့။ နတ်ကတော်တွေဟာ လူ့ယဉ်ကျေးမှု ခေတ်ဦးကာလလောက်ကတည်းက သူတို့ ပါလာတယ်လို့ ဦးဦးဖတ်ဖူးတဲ့ စာပေတွေအရ သိရတာပဲ"

"ဒါပေမယ့် ဒီ. . . နတ်ကတော်ကြီးက အတော်သားနော်၊ သူများအကျိုးယုတ်၊ အကျိုးပျက်နစ်နာအောင် လိမ်ညာနဲ့ နတ်ကတော်ကြီး မဟုတ်ဘူးနဲ့တူတယ်။ အခု. . . နတ်ကတော်တွေကတော့ ဦးဦးရယ်. . ."

"ဟော့. . . တော်ကြ၊ တော်ကြ၊ ပုံပြင်က မပြီးသေးဘူးကွဲ့"

"ဟုတ်ကဲ့ တော်ပါပြီ ဦးဦးရယ်။ ပုံပြင်ကို ဆက်ပြောပါဦး"

"နတ်ကတော်ကြီးဟာ ဒီအဖြစ်အပျက် အားလုံးကို ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ထံ သံတော်ဦးတင် အစီရင်ခံတဲ့အခါ ရှင်ဘုရင်ကြီးက 'အင်း. . . ငါလဲ နဂိုတည်းက သမီးတော်ကို တူတော်အတွက် ရည်ရွယ်ချက်ထားခဲ့တာပါပဲ။ ခုတော့ "နို့ယနာထမင်းထဲ ထောပတ်လောင်း"ဆိုသလို 'အကောင်းဆုံးဖြစ်သွားတာပေါ့'လို့ ပြောလိုက်ပြီးနောက် မကြာမီမှာပဲ တူတော်မောင်ကို မင်းမြှောက်ပြီး သမီးတော်ကို မိဖုရားကြီးအဖြစ် ထားစေကာ တိုင်းပြည်ကို အပ်နှင်းလိုက်ပါသတဲ့"

"မင်း၊ မိဖုရားနှစ်ပါးတို့ဟာ တိုင်းသူပြည်သားတွေကို ရင်ဝယ်သားကဲ့သို့ တရားသဖြင့် အုပ်ချုပ်မင်းလုပ်ကြပါသတဲ့"

"မူလ ရှင်ဘုရင်ကြီးလက်ထက်က နှာသီးပြတ်သွားတဲ့ အရာရှိလိုလဲ နဂိုရာထူးအတိုင်းထားပြီး အနီးအပါးမှာပဲ ခစားစေပါသတဲ့"

"အဲဒီအရာရှိဟာ တစ်နေ့ မင်းထံအခစားဝင်တဲ့အခါ နေဘက်မျက်နှာပြုပြီး ခစားမိတဲ့အတွက် ချိပ်ဟာ ပျော့ပြဲသွားပြီး နှာခေါင်းအတုကြီးဟာ ပြုတ်ကျသွားပါရောတဲ့"

"ဟောဗျာ. . . ဖြစ်ပြန်ပြီ"

"အေး. . . တော်၊ သူပဲ ဖြစ်ဖြစ်နေတယ်"

"မပြောကြနဲ့ကွယ်တို့၊ ကုသိုလ်ကံဆိုတာ အရှိန်မကုန်သေးရင် ဒီလိုပဲ မကောင်းကျိုးပေး၊ ပေးနေတတ်တယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ မကောင်းတာ ဘာမဆို မလုပ်မိအောင် ရှောင်ကြဉ်ကြရမယ်"

"ရှေးတုန်းအခါက နည်းပညာတွေက ခုခေတ်လို မတိုးတက် မထွန်းကားသေးတော့ ချိပ်ကိုပဲ နှာခေါင်းအတုလုပ်ပြီး တော်သလို တပ်ထားရဟန်တူပါတယ်။ ခုခေတ်လိုဆိုရင်တော့ ပလပ်စတစ်ဆာဂျရီနည်းတွေအသုံးပြုပြီး ပြင်လိုက်ရင် ဒီလို ဘယ်ဖြစ်တော့မလဲ၊ မဟုတ်ဘူးလား"

"အဲဒီလို နှာခေါင်းပြုတ်ကျသွားတော့ အရာရှိဟာ အရှက်ကြီးရှက်ပြီး မျက်နှာမဖော်ရဲအောင် ဖြစ်နေရှာသတဲ့"

"အဲဒီအခါ ရှင်ဘုရင်က ရယ်သွမ်းသွေးပြီးတော့ 'မရှက်ပါနဲ့ဆရာ၊ ချေတယ်ဆိုတာ တစ်ယောက်အဖို့ ကောင်းပေမယ့် အခြားတစ်ယောက်အဖို့ မကောင်းဖြစ်တတ်ပါတယ်။ ခုပဲကြည့်ပါ။ ငြပ်ကောင်းမှုန့်ကိုရှူပြီး ချေတာချင်းအတူတူ ဆရာချေတော့ နှာခေါင်းပြုတ်တယ်။ ကျွန်ုပ်ချေတော့ ဘုရင့်သမီးတော်ရပြီး ရှင်ဘုရင်ဖြစ်ရတယ်"

"ဒါကြောင့် လောက,က ကောင်းတယ်လို့ ပြောဆိုသတ်မှတ်ထားတာမှန်သမျှ အကုန်ကောင်းတာချည်းပဲလို့ အထစ်ချကောက်ယူထားလို့ မရနိုင်ဘူးဆိုတဲ့ သဘောတရားကို မှတ်သားထားဖို့ ဖြစ်ပါတယ်လို့ အမိန့်ရှိပါသတဲ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားဟာ ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ အဘိဓမ္မာ သဘောတရားကို ပြောတာမဟုတ်ဘူးနော်"

"လောကမှာ တွေ့ကြုံနေရတဲ့ အဖြစ်အပျက်၊ အသုံးအဆောင်၊ အရာဝတ္ထု အစရှိတဲ့ အရာဝတ္ထုတွေကို ပြောတယ်ဆိုတာကိုလဲ တူလေး၊ တူမလေးတို့ မှတ်သားကြရမယ်"

"တူလေး တူမလေးတို့ သင်ခန်းစာရ အသိဉာဏ်ပွင့်ကြပါစေ. . ."

ကောနီပါတ်၊ ကုသနာဋ္ဌိဝဝ်၊
အသိလက္ခဏဇာတ်

www.burmeseclassic.com

www.burmeseclassic.com

အသံထွက်တရားမြတ်ဓမ္မစကြာ (မြန်မာပြန်)

# ထွန်းလွင်

(မဟာစရိယ၊ ဘီအေ)

စာမူခွင့်ပြုချက် ● ၆၀၀၄၇၀၉၁၀

ထွန်းလွင် (မဟာစရိယ၊ ဘီအေ)

# ကျွန်တော်သိတဲ့အဘိဓမ္မာ

စာမူခွင့်ပြုချက် ● ၆၀၀၅၇၀၁၁၁၀

www.burmeseclassic.com